ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး**

(၃၄)ရက်မြောက်နေ့မှတ်တမ်း

**၁၃၇၉ ခုနှစ်၊ ဝါခေါင်လဆန်း ၅ ရက်**

**( ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၂၈ ရက် )**

**[သောကြာနေ့]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၃၄)ရက်မြောက်နေ့ အစီအစဉ်ကို ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် မန်းဝင်းခိုင်သန်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးလွင်ဦး၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေးရဲ့ (၃၄)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အချိန်၊ ၁၀း၀၀။**

**ဥက္ကဋ္ဌ။** ။ အားလုံး မင်္ဂလာပါ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၃၄)ရက်မြောက်နေ့မှာ လွှတ်တော်အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၂၄)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို(၂၀၇)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်းရဲ့ (၉၂.၄၁)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၄ နဲ့ ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေးရဲ့ (၃၄)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ အဲဒီ အစီအစဉ်အတိုင်း ကျင်းပပါမယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၄)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၆။**

**ဦးမောင်မောင်လတ်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် အမျိုးသား

လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၃၄)ရက်မြောက်နေ့ ၂၈-၇-၂၀၁၇ ရက်နေ့မှာ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များရဲ့ကိုယ်စား စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူးဖြစ်သူ ကျွန်တော် ဦးမောင်မောင်လတ် က ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။

ယနေ့အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များမှာ ဦးဇုန်လှယ်ထန်း ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးမင်းဦး ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)၊ လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီ အစည်းအဝေးတက်ရောက်ရန်။ ဦးအောင်သိန်း ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၊ ၄င်းအတိုင်း။ ဦးဘွဲ့ခိန်း ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)၊ ကိုယ်တိုင်ဆောင်ရွက်ရန်နှင့် ဦးဘမျိုးသိန်း ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)၊ အစည်းအဝေးတက်ရောက်ရန် တို့ဖြစ်ကြပါတယ်။

ယခင်က ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ(၁၂)ဦးနှင့် ယနေ့ခွင့်ပန်ကြားသူ (၅)ဦးဖြစ်ပါတယ်။ စုစုပေါင်းခွင့်ပန်ကြားသူ(၁၇)ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ ခွင့်ပန်ကြားသူအမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကို လွှတ်တော်က ခွင့်အဖြစ် သတ်မှတ်ခွင့်ပြုပေးနိုင်ပါရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်သို့ လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ**။　　။ ယခု ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ**။　　။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၃၄)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ(၂၂၄)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၁၂)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၅)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်းခွင့်ပြုထားသူ (၁၇) ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(ဂ)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေ တင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အမျိုးသားလွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။(သြဘာသံများ)

**ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း**

**အချိန်၊ ၁၀း၀၈။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနှင့် ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ကိုယ်စားလှယ်သုံးဦး မေးမြန်းသည့် မေးခွန်းများသည် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး တစ်ဦးတည်းက ဖြေကြားမည့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ပြည်ထောင်စုဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ရှမ်းပြည်နယ်မြောက်ပိုင်း၊ လားရှိုးမြို့နယ်၊ မိုင်းပိုင်ကျေးရွာအုပ်စု၊ ဟိုပိုင်ကျေးရွာအတွင်း ရွှေသတ္တုတူးဖော်ခြင်း လုပ်ငန်းလုပ်ကိုင်ခွင့်ကို သက်ဆိုင်ရာက ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ကျောက်စိမ်းအားမာန်ကုမ္ပဏီသို့ တရားဝင်လုပ်ကိုင်ခွင့် ချထားပေးခြင်း ရှိ/မရှိ သိရှိလိုခြင်းနှင့် ရွှေသတ္တုတူးဖော်ခြင်း လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်ခဲ့သောကြောင့် ဆုံးရှုံးနစ်နာခဲ့ရသော ပြည်သူများအတွက် မည်ကဲ့သို့ ပြန်လည်ကုစား ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၀၈။**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးစိုင်းဝမ်းလှိုင်းခမ်း က ရှမ်းပြည်နယ်မြောက်ပိုင်း၊ လားရှိုးမြို့နယ်၊ မိုင်းပိုင်ကျေးရွာအုပ်စု၊ ဟိုပိုင်ကျေးရွာအတွင်း ရွှေသတ္တုတူးဖော်ခြင်း လုပ်ငန်းလုပ်ကိုင်ခွင့်ကို သက်ဆိုင်ရာက ဥပဒေ၊ နည်းဥပဒေများ နှင့်အညီ ကျောက်စိမ်းအားမာန်ကုမ္ပဏီသို့ တရားဝင်လုပ်ကိုင်ခွင့် ချထားပေးခြင်း ရှိ/မရှိ သိရှိလိုခြင်းနှင့် ရွှေသတ္တု တူးဖော်ခြင်းလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်ခဲ့သောကြောင့် ဆုံးရှုံးနစ်နာခဲ့ရသော ပြည်သူများအတွက် မည်ကဲ့သို့ ပြန်လည်ကုစား ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၈။**

**ဦးစိုင်းဝမ်းလှိုင်းခမ်း၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)**။ ။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီးများ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေလို့ ဦးစွာပဏာမ နှုတ်ခွန်းဆက်သ အပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဝမ်းလှိုင်းခမ်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ်မြောက်ပိုင်း လားရှိုးမြို့နယ်၊ မိုင်းပိုင်ကျေးရွာအုပ်စု၊ ဟိုပိုင်ကျေးရွာ အရှေ့မြောက်ပိုင်းရှိ နန့်ပုန်းချောင်း၊ နန့်ပင်ချောင်းနှင့် ရွာသားများ လုပ်ကိုင်လျက်ရှိသော လယ်ယာမြေများအတွင်း ဒေသခံပြည်သူများအား အသိမပေးဘဲ ကျောက်စိမ်းအားမာန် ကုမ္ပဏီက ရွှေသတ္တုတူးဖော်ခြင်း လုပ်ငန်းကို ၂၀၁၁ ခုနှစ်မှစ၍ လုပ်ကိုင်ဆောင်ရွက်လျက် ရှိပါတယ်။ ရွှေတူးဖော်ခြင်းလုပ်ငန်းများကြောင့် တောင်သူ(၃၅)ဦး ပိုင်ဆိုင်သော လယ်ယာမြေဧက(၁၀၀)ကျော် အမှီသဟဲပြုနေတဲ့ ရေထွက်ဒေသ လယ်ရေပေးမြောင်းများနှင့် လက်လုပ်ဆည်များ ထိခိုက်ပျက်စီးခြင်း၊ သဲနုန်းမြေများ ဝင်ရောက်သဖြင့် လယ်မြေများ ပျက်စီးခြင်း၊ ယာမြေများအတွင်း ဝင်ရောက်ရွှေတူးဖော်ခြင်း၊ ယာမြေများအတွင်း လမ်းဖောက်ခြင်း၊ ဝင်ရောက်နေထိုင်ခြင်း စတဲ့အပြင် ကုမ္ပဏီပိုင် မော်တော်ယာဉ်များ နေ့စဉ် ဖြတ်သန်းသွားလာမှုကြောင့် ကျေးရွာလမ်းများ ပျက်စီးခြင်း၊ ရွှေတူးဖော်ခြင်း စတင်လုပ်ဆောင်သည့် ၂၀၁၁ ခုနှစ်မှ ၂၀၁၆ ခုနှစ်အထိ လုပ်ငန်းခွင်နေရာများတွင် လက်နက်ကိုင်စောင့်ကြပ်မှုများထားရှိပြီး ရွာသားများအား စစ်ဆေးခြင်း၊ တားမြစ်ခြိမ်းခြောက်ခြင်း၊ ရွာသားများပိုင် လယ်ယာမြေများအား ရွှေသတ္တုလုပ်ကွက်အတွင်း ပါဝင်နေသည်ဟု အကြောင်းပြကာ အတင်းအဓမ္မရောင်းချစေခြင်း၊ ရွှေ့ နေရေးဝယ်ယူစေခြင်း စတဲ့ပြဿနာများ ကြုံတွေ့နေရပါသဖြင့် ကူညီဖြေရှင်းပေးနိုင်ပါရန် လွှတ်တော်ကိုယ်စားလှယ်ထံ တင်ပြတိုင်ကြားလာပါတယ် ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အနည်းငယ် တင်ပြဖို့ တောင်းခံအပ်ပါတယ်ခင်ဗျား။ ဒီပုံတွေဟာ လွန်ခဲ့တဲ့ (၇) လ လွှတ်တော်သို့ ဒီကိစ္စအားမတင်ပြခင် သွားရောက်ကွင်းဆင်းခဲ့တဲ့ မှတ်တမ်းများ ဖြစ်ပါတယ်။ ဒါကတော့ လွှတ်တော်ကို တင်ပြပြီး (၅) လအကြာ လွန်ခဲ့တဲ့လထဲက သွားရောက်ကွင်းဆင်းခဲ့တဲ့ မှတ်တမ်းများ ဖြစ်ပါတယ်။ ယနေ့တိုင် ဘာမှအပြောင်းအလဲမရှိ။ ဆက်လက်၍ ရွှေတူးဖော်လုပ်ငန်းများအား လုပ်ကိုင်ဆောင်ရွက်နေကြောင်း သိရှိရပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ လွန်ခဲ့တဲ့ ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ (၁၇) ရက်နေ့ ရွှေတူးဖော်လုပ်ငန်း လုပ်ကိုင်လျက်ရှိသော ကျောက်စိမ်းအားမာန် ကုမ္ပဏီမှ ဒေသခံရွာသားနှင့် ပထမဦးဆုံးလာရောက်တွေ့ဆုံကာ တိုင်ကြားမှုအားသိရှိပြီး ကန့်ကွက်မှုများနှင့် စပ်လျဉ်း၍ ညှိနှိုင်းခဲ့ပါကြောင်း၊ သို့သော်လည်း ရွာသားများအနေဖြင့် မည်သည့် ညှိနှိုင်းမှုမျိုးကိုမှ လက်ခံလိုခြင်း မရှိတော့ဘဲ ၎င်းတို့လုပ်ကိုင်ဆောင်ရွက်မှုများကြောင့် ထိခိုက်နစ်နာခဲ့မှုများကို ပြန်လည်မွမ်းမံပေးရန်နှင့် လုပ်ငန်းများ ရပ်ဆိုင်းကာ ဒေသမှ ထွက်ခွာပေးရန်သာ လိုလားပါကြောင်း တင်ပြချက်အရ သိရှိရပါတယ်။

သို့ဖြစ်ပါ၍ ရှမ်းပြည်နယ်မြောက်ပိုင်း လားရှိုးမြို့နယ် မိုင်းပိုင်ကျေးရွာအုပ်စု၊ ဟိုပိုင်ကျေးရွာအတွင်း ရွှေတူးဖော်သတ္တုတူးဖော်ခြင်းလုပ်ငန်း လုပ်ကိုင်ခွင့်ကို သက်ဆိုင်ရာ ဥပဒေ နည်းဥပဒေများနှင့်အညီ ကျောက်စိမ်းအားမာန် ကုမ္ပဏီတို့ တရားဝင်လုပ်ကိုင်ခွင့် ချထားပေးခြင်း ရှိ/မရှိ ဒေသခံပြည်သူများ၏ သဘောထားအားရယူခြင်းမရှိဘဲ ကျောက်စိမ်းအားမာန် ကုမ္ပဏီက ရွှေသတ္တုတူးဖော်ခြင်းလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်ခဲ့ခြင်းကြောင့် ဆုံးရှုံးနစ်နာခဲ့သော ပြည်သူများအတွက် မည်ကဲ့သို့ ပြန်လည်ဆောင်ရွက်ပေးရန်၊ ဒေသအတွင်း ရွှေသတ္တုတူးဖော်ခြင်းလုပ်ငန်းများအား ရပ်ဆိုင်းပေးရန်၊ ရွှေတူးဖော်ခြင်းကြောင့် ပျက်စီးသွားသော မြေနေရာများအား မူလအတိုင်း ပြန်လည်ပြင်ဆင် ဆောင်ရွက်ပေးရန်နှင့် ဒေသအတွင်း ထွက်ခွာပေးရန် ပြည်သူများ၏ တင်ပြချက်အား မည်ကဲ့သို့ ဆောင်ရွက်ပေးရန်နှင့် ဥပဒေ နည်းဥပဒေများနှင့်အညီ သတ္တုတူးဖော်လုပ်ကိုင် ဆောင်ရွက်ခြင်းမရသော လုပ်ငန်းရှင်များအား မည်ကဲ့သို့ အရေးယူ ဆောင်ရွက်သွားမည်ကို သိရှိလိုပါကြောင်းနှင့် နောင်တွင် ဒေသခံပြည်သူများအား ထိခိုက်နစ်နာမှုမရှိစေရေး မည်ကဲ့သို့ ကြပ်မတ်ဆောင်ရွက်သွားမည်ကို သိရှိလိုပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရိုသေလေးစားစွာ မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ ( သြဘာသံများ)

လားရှိုးမြို့နယ်၊ မိုင်းပိုင်ကျေးရွာအုပ်စု၊ ဟိုပိုင်ရွာကျေးရွာသို့ ကွင်းဆင်းစစ်ဆေးခဲ့သော မှတ်တမ်းဓာတ်ပုံ (၄၄)



လားရှိုးမြို့နယ်၊ မိုင်းပိုင်ကျေးရွာအုပ်စု၊ ဟိုပိုင်ရွာ ကျေးရွာသို့ ကွင်းဆင်းစစ်ဆေးခဲ့သော မှတ်တမ်းဓာတ်ပုံ (ငင-၁)



လားရှိုးမြို့နယ်၊ မိုင်းပိုင်ကျေးရွာအုပ်စု၊ ဟိုပိုင်ရွာ ကျေးရွာသို့ ကွင်းဆင်းစစ်ဆေးခဲ့သော မှတ်တမ်းဓာတ်ပုံ (ငင-၂)



**တနင်္သာရီတိုင်းဒေသကြီး၊ ဘုတ်ပြင်းမြို့နယ်၊ ပြည်ကြီးမဏ္ဍိုင်မြို့၊ ဘန်ဂလားကျေးရွာအုပ်စုရှိ ရတနာပုံကျေးရွာအား သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၏ သတ္တုတွင်းမြေအဖြစ်မှ ပယ်ဖျက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၄။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးခင်မျိုးဝင်းက တနင်္သာရီတိုင်းဒေသကြီး၊ ဘုတ်ပြင်းမြို့နယ်၊ ပြည်ကြီးမဏ္ဍိုင်မြို့၊ ဘန်ဂလားကျေးရွာအုပ်စုရှိ ရတနာပုံကျေးရွာအား သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၏ သတ္တုတွင်းမြေအဖြစ်မှ ပယ်ဖျက်ပေးရန် အစီအစဉ်ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၅။**

**ဦးခင်မျိုးဝင်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များနှင့် ပြည်ထောင်စု ဒုတိယဝန်ကြီး၊ အားလုံးမင်္ဂလာပါလို့ နှုတ်ခွန်း ဆက်သအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဘုတ်ပြင်းမြို့နယ်၊ ပြည်ကြီးမဏ္ဍိုင်မြို့၊ ဘန်ဂလားကျေးရွာအုပ်စုရှိ ရတနာပုံကျေးရွာ ရတနာပုံသတ္တုတွင်းကို ၁၉၅၄ ခုနှစ်တွင် စတင်ထုတ်လုပ်ခဲ့ပြီး ၁၉၈၃ ခုနှစ်တွင် သတ္တုတွင်းကို ရပ်ဆိုင်းခဲ့ပါတယ်။ ရတနာပုံသတ္တုတွင်းဟာ လေညာသစ်တောကြိုးဝိုင်းအတွင်းတွင် ပါရှိပြီး ပြည်ကြီးမဏ္ဍိုင်မြို့မှ (၃၆)မိုင်အကွာတွင် တည်ရှိပြီး ထိုင်းနယ်စပ်နှင့် (၇)မိုင်သာ ကွာဝေးသော နေရာတွင် တည်ရှိပါတယ်။ သတ္တုစတင် ထုတ်လုပ်ချိန်ကတည်းက ရတနာပုံ သတ္တုတွင်းကို သစ်တောကြိုးဝိုင်းမြေထဲက ပယ်ဖျက်ခဲ့ခြင်းမရှိဘဲ သတ္တုထုတ်လုပ်နေခြင်းသာ ဖြစ်ပါတယ်။ သတ္တုတွင်း အလုပ်သမားများသည် ပြည်ကြီးမဏ္ဍိုင်မြို့နှင့် လမ်းပန်းဆက်သွယ်ရေးလည်း ခက်ခဲပြီး ခြေလျင်ခရီးဖြင့်သာ သွားရသော နေရာဖြစ်ပါတယ်။ ၎င်း အလုပ်သမားများသည် သတ္တုထုတ်လုပ်သည့် အချိန်ကတည်းက ဥယျာဉ်ခြံများစိုက်ပျိုး၍ သတ္တုတွင်းရပ်ဆိုင်းခဲ့သည့် အချိန်မှစ၍ ရွာအဖြစ်တည်ထောင်ကာ ကွမ်းသီးခြံများ စိုက်ပျိုးပြီး နေထိုင်ခဲ့ကြပါတယ်။ ယခုအခါ ပြည်ထဲရေး အမည်ပေါက် ရွာတစ်ရွာပိုင် ဖြစ်နေပြီ ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ၂၀၁၅ ခုနှစ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအစိုးရ ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးသည် ၁၉၉၂ ခုနှစ်တွင် ပြဋ္ဌာန်းထားသည့် မြန်မာနိုင်ငံ သစ်တောဥပဒေပုဒ်မ ၇၊ ပုဒ်မခွဲ(က)အရ အပ်နှင်းထားသည့် အခွင့်အာဏာများကို သုံးစွဲလျက် တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းခရိုင် ဘုတ်ပြင်းမြို့နယ်ရှိ လေညာသစ်တောကြိုးဝိုင်း အတွင်း ကျရောက်နေသည့် ရတနာပုံကျေးရွာမြေကို ၂၀၁၅ ခုနှစ် ဧပြီလ (၂၈) ရက်နေ့မှစ၍ ကြိုးဝိုင်းသစ်တောမြေအဖြစ်မှ ပယ်ဖျက်ပေးလိုက်ပါသည်။ လေညာသစ်တောကြိုးဝိုင်းသည် ပြည်ကြီးမဏ္ဍိုင်မြို့၏ အဓိက အသက်သွေးကြောဖြစ်သည့်အတွက် ရေရှည်တည်တံ့စေရန် လေညာသစ်တောကြိုးဝိုင်းကိုလည်း လေညာအမျိုးသားဥယျာဉ်အဖြစ် တည်ထောင်ဖွဲ့စည်းရန် လိုအပ်သော ကွင်းဆင်း လေ့လာမှုများကို ယခုအခါ ဆောင်ရွက်နေပြီ ဖြစ်ပါတယ်။

သတ္တုတွင်း တူးဖော်ခြင်းလုပ်ငန်းကိုလည်း ဆက်လက်တူးဖော်ရန်လည်း မသင့်တော်တော့ပါ။ သို့ပါသော်လည်း ယခုအခါ ရတနာပုံကျေးရွာ၏ ရွာလယ်တွင် အမှတ်(၂)သတ္တုဝန်ကြီးဌာနမှ နောက်ချန်ဆိုင်းဘုတ်များ လာရောက်စိုက်ထူထား၍ ရတနာပုံကျေးရွာသူ ကျေးရွာသားများမှာ အလွန်တရာ စိတ်ညစ်၍ စိတ်မသက်မသာ ဖြစ်နေကြပါတယ်။ ရတနာပုံသတ္တုတွင်းမြေဟာလည်း လေညာသစ်တော ကြိုးဝိုင်းတွင်ပါရှိပြီး ရတနာပုံသတ္တုတွင်း မြေနေရာအား သစ်တောမြေမှ ပယ်ဖျက်ပေးခြင်း မရှိသော်လည်း ရတနာပုံကျေးရွာအား သစ်တောမြေမှ ပယ်ဖျက်ပြီးဖြစ်ပါ၍ သတ္တုတွင်းဝန်ကြီးဌာနမှ ရတနာပုံကျေးရွာအား သတ္တုတွင်းမြေမှ ပယ်ဖျက်ပေးပါရန် ဥက္ကဋ္ဌမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ် ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ရွှေပါဝင်မှုနှုန်း မြင့်မားပြီး သတ္တုသိုက်ပမာဏ ကြီးမားသော သတ္တုသိုက်များ [မိုးထိမိုးမိ လုပ်ကွက် (A)၊ ဝါးဖြူတောင်လုပ်ကွက် (B)၊ လယ်ပြင်လုပ်ကွက် (D)] တို့အား လုပ်ကိုင်ခွင့်ပြုထားသည့် ကုမ္ပဏီများမှ သတ်မှတ်ကာလအတွင်း သတ်မှတ်ရွှေပမာဏအား ပေးသွင်းရန် ပျက်ကွက်နေမှုအပေါ် မည်သို့ အရေးယူဆောင်ရွက်သည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**အချိန်၊ ၁၀း၁၇။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစောမိုးမြင့်(ခ) ဆင်မြူရယ် က ရွှေပါဝင်မှုနှုန်း မြင့်မားပြီး သတ္တုသိုက်ပမာဏ ကြီးမားသော သတ္တုသိုက်များ [မိုးထိမိုးမိ လုပ်ကွက်(A)၊ ဝါးဖြူတောင်လုပ်ကွက် (B)၊ လယ်ပြင်လုပ်ကွက် (D)]တို့အား လုပ်ကိုင်ခွင့်ပြုထားသည့် ကုမ္ပဏီများမှ သတ်မှတ်ကာလအတွင်း သတ်မှတ်ရွှေပမာဏအား ပေးသွင်းရန် ပျက်ကွက်နေမှုအပေါ် မည်သို့ အရေးယူဆောင်ရွက်သည်ကို သိရှိလိုခြင်းနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၈။**

**ဦးစောမိုးမြင့်(ခ)ဆင်မြူရယ်၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)**။ ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမျိုးသားလွှတ်တော် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီဝင် စောမိုးမြင့် ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ရဲ့ မေးခွန်းကို Power Point အသုံးပြု မေးမြန်းခွင့်ပြုပါရန် တောင်းခံအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မေးမြန်းလိုတဲ့ မေးခွန်းကတော့ ရွှေပါဝင်မှုနှုန်းမြင့်မားပြီး သတ္တုသိုက်ပမာဏကြီးမားသော သတ္တုသိုက်များ မိုးထိမိုးမိ လုပ်ကွက်(A)၊ဝါးဖြူတောင်လုပ်ကွက်(B)၊ လယ်ပြင်လုပ်ကွက်(D)တို့ကို လုပ်ကိုင်ခွင့်ပြုထားတဲ့ ကုမ္ပဏီများက သတ်မှတ်ထားတဲ့ ကာလအတွင်း သတ်မှတ်ထားတဲ့ ရွှေပမာဏ ပေးသွင်းရန် ပျက်ကွက်နေမှုအပေါ် မည်သို့အရေးယူဆောင်ရွက်သည်ကို သိရှိလို၍ မေးမြန်းရခြင်း ဖြစ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ ရမည်းသင်းမြို့နယ်၊ မိုးထိမိုးမိ ဒေသမှာရှိတဲ့ အကြီးစား ရွှေလုပ်ကွက် (A)ကို အမျိုးသားကြီးပွား တိုးတက်ရေး ကုမ္ပဏီလီမိတက်ကို ၂၀၁၁ ခုနှစ်ကနေပြီး၂၀၁၆ ခုနှစ်ထိ ရွှေစင် (၅.၅၇၇) မက်ထရစ်တန် နဲ့လည်းကောင်း၊ ရမည်းသင်းမြို့နယ်၊ ဝါးဖြူတောင်ဒေသမှာရှိတဲ့ အကြီးစား ရွှေလုပ်ကွက်(B)၊ ရွှေမိုးယံ ကုမ္ပဏီလီမိတက်ကို ၂၀၁၁ ခုနှစ် မှ ၂၀၁၆ ခုနှစ်ထိ ရွှေစင် (၅.၁၁၇) မက်ထရစ်တန်နဲ့လည်းကောင်း၊ သာစည်မြို့နယ်၊ လယ်ပြင်မှာရှိတဲ့ အကြီးစားလုပ်ကွက်(D)၊ အာရှ ကမ္ဘာမြေ ကုမ္ပဏီလီမိတက်ကို ၂၀၁၁ ခုနှစ် မှ၂၀၁၆ ခုနှစ်ထိ ရွှေစင် (၂.၂၀၅၈) မစ်ထရစ်တန်နဲ့ လည်းကောင်း အသီးသီးလုပ်ကိုင်ခွင့်ပြုခဲ့ပါတယ်။

ကျွန်တော်တို့ မြန်မာနိုင်ငံ ဘူမိဗေဒပညာရှင်များ တိုင်းထွာချက်အရ မိုးထိမိုးမိ ဒေသမှာ ရှိတဲ့ အကြီးစား ရွှေလုပ်ကွက် (A)ဟာ ပျမ်းမျှရွှေပါဝင်မှုနှုန်း (၈.၂၅) ppm၊ ဆိုလိုတာက ဖြုန်းအပုံ တစ်သန်းမှာ ရွှေသည် (၈.၂၅) ပုံပါဝင်တယ်။ အဲ့ဒီရွှေဟာ စုစုပေါင်း (၇.၂၂)တန် ဘူမိဗေဒ အသုံးနှုန်း အရ P2 နဲ့ P3 အဆင့်ရှိတယ်ဆိုတာ သိရှိရပါတယ်။ အလားတူပဲ ဝါးဖြူတောင်ဒေသမှာရှိတဲ့ အကြီးစား ရွှေလုပ်ကွက်(B)ဟာ ပျမ်းမျှရွှေပါဝင်မှုနှုန်း (၅.၉၁) ppm ရွှေစင်စုစုပေါင်း (၆.၃) တန်ရှိတယ်ဆိုတာ သိရှိရပါတယ်။ လယ်ပြင်ဒေသမှာရှိတဲ့ အကြီးစားရွှေလုပ်ကွက် (D)ဟာ ပျမ်းမျှရွှေပါဝင်မှုနှုန်း (၀.၄) ppm ကနေပြီးတော့ (၀.၅) ppm ထိ ရွှေစင်စုစုပေါင်း (၁၀) တန်ရှိတယ်ဆိုတာ သိရှိရပါတယ်။ အဲဒီမှာ ဖော်ပြချင်တာကတော့ P2 ဆိုတာကတော့ ဖြစ်နိုင်ရန်ရှိသော သတ္တုသိုက်ပမာဏကို ဆိုလိုပါတယ်။ P3 ဆိုတာကတော့ ဖြစ်နိုင်သော သတ္တုသိုက်ပမာဏ ဖြစ်ပါတယ်။ P4 ဆိုတာကတော့ အလားအလာ ရှိသော သတ္တုသိုက်ပမာဏ ဖြစ်ပါတယ်။ ကျွန်တော်တို့ လက်ရှိ ရွှေသန့်စင်တဲ့ နည်းစဉ်များအရ အပုံ တစ်သန်းမှာရှိတဲ့ ဖြုန်းကို သန့်စင်လိုက်လို့ရှိရင် ရွှေ (၀.၅) ppm အထိ စီးပွားဖြစ် ထုတ်လုပ်နိုင်တာကို သိရှိရပါတယ်။ ဒါကတော့ မိုးထိမိုးမိ မြေအောက် ရွှေလုပ်ကွက်မှာ ပါဝင်တဲ့ ဖြုန်းစာတွေကို မြေပေါ်ကို သယ်လာတာ ဖြစ်ပါတယ်။ ဒါက ခုနက ရွှေပါဝင်တဲ့ ဖြုန်းတွေကို ကြိတ်ခွဲတယ်။ အမြုပ်ဖော် သန့်စင်တဲ့ နည်းနဲ့ ရွှေထုတ်ယူခြင်း ဖြစ်ပါတယ်။ ဒါက အစိုးရနဲ့ အကျိုးတူ ချုပ်ဆိုထားတဲ့ ကုမ္ပဏီမှ ပေးသွင်းရမယ့် (၉၉.၉၉) ကွက်အဆင့်ရှိ ရွှေစင်တုံးဖြစ်ပါတယ်။ ယနေ့ ရွှေတစ်ကျပ်သား ပေါက်ဈေးဟာ (၉)သိန်းကျော် ဖြစ်ပါတယ်။ အဲဒီတော့ ရွှေတစ်ပိဿာဆိုရင် သန်းပေါင်း (၉၀)ကျော် တန်ဖိုးရှိပါတယ်။ ကျွန်တော်တို့ (၁)မက်ထရစ်တန်ကို (၆၁၅)ပိဿာနှုန်းနဲ့ တွက်မယ်ဆိုရင် ရွှေစင်တစ်တန်ရဲ့ တန်ဖိုးသည် (၅၅) ဘီလီယံ ကျသင့်ပါတယ်။ ခုနက ဖော်ပြခဲ့တဲ့ ရွှေလုပ်ကွက် (၃)ခုကို လုပ်ကိုင်ခွင့်ရတဲ့ ကုမ္ပဏီကြီး တွေက အစိုးရကို ရွှေစင်တစ်တန် ပေးသွင်းဖို့ ပျက်ကွက်တိုင်း ပျက်ကွက်တိုင်း နိုင်ငံတော်အစိုးရ အနေနဲ့ (၅၅) ဘီလီယံ နစ်နာဆုံးရှုံးရပါတယ်။ ဒါကြောင့်မို့လို့ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုတာ ကတော့ ရွှေပါဝင်မှုနှုန်းမြင့်မားပြီး သတ္တုသိုက်ပမာဏကြီးမားသော သတ္တုသိုက်များ မိုးထိမိုးမိ လုပ်ကွက်(A)၊ ဝါးဖြူတောင်လုပ်ကွက် (B)၊ လယ်ပြင်လုပ်ကွက် (D) အား လုပ်ကိုင်ခွင့်ပြုထားသည့် ကုမ္ပဏီများမှ သတ်မှတ်ကာလအတွင်း သတ်မှတ်ရွှေပမာဏအား ပေးသွင်းရန် ပျက်ကွက်နေမှုအပေါ် မည်သို့အရေးယူ ဆောင်ရွက်ထားသည်ကို သိရှိလိုပါကြောင်း မေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၀း၂၃။**

**ဥက္ကဋ္ဌ**။　　။ မေးခွန်းများနဲ့ ပတ်သက်ပြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး က တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၂၃။**

**ဦးအုန်းဝင်း (ပြည်ထောင်စုဝန်ကြီး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာန)**။　　။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ပြည်ထောင်စုဝန်ကြီးများ ကိုယ်၏ကျန်းမာခြင်း စိတ်၏ချမ်းသာခြင်းနှင့် ပြည့်စုံပါစေလို့ကြောင်း ဆုတောင်းမေတ္တာပို့သ နှုတ်ခွန်းဆက်သ ဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း ဖြစ်ပါတယ်။

ပထမဆုံးမေးခွန်းဖြစ်တဲ့ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဝမ်းလှိုင်းခမ်း ရဲ့ ရှမ်းပြည်နယ်မြောက်ပိုင်း၊ လားရှိုးမြို့နယ်၊ မိုင်းပိုင်ကျေးရွာအုပ်စု၊ ဟိုပိုင်ကျေးရွာအတွင်း ရွှေသတ္တုတူးဖော်ခြင်း လုပ်ငန်းလုပ်ကိုင်ခွင့်ကို သက်ဆိုင်ရာက ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ကျောက်စိမ်းအားမာန်ကုမ္ပဏီသို့ တရားဝင်လုပ်ကိုင်ခွင့် ချထားပေးခြင်း ရှိ/မရှိ သိရှိလိုခြင်းနှင့် ရွှေသတ္တု တူးဖော်ခြင်းလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်ခြင်းကြောင့် ဆုံးရှုံးနစ်နာခဲ့ရသော ပြည်သူများအတွက် မည်ကဲ့သို့ ပြန်လည်ကုစား ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းနှင့် ပတ်သက်၍ ကျွန်တော် ဖြေကြားမှာ ဖြစ်ပါတယ်။

ရှမ်းပြည်နယ်မြောက်ပိုင်း၊ လားရှိုးမြို့နယ်၊ မိုင်းပိုင်ကျေးရွာအုပ်စု၊ ဟိုပိုင်ကျေးရွာမှာ ကျောက်စိမ်းအားမာန်ကုမ္ပဏီနဲ့ အခြားကုမ္ပဏီများကို ရွှေသတ္တုတူးဖော်လုပ်ကိုင်ရန် ခွင့်ပြုမိန့်ထုတ်ထားပေးခြင်း လုံးဝမရှိပါကြောင်း ဖြေကြားအပ်ပါတယ်။ ကွင်းဆင်းစစ်ဆေးရေးအဖွဲ့နဲ့ မြေပြင်သို့ ကွင်းဆင်းစစ်ဆေးခဲ့ရာမှာ ရှမ်းပြည်နယ်မြောက်ပိုင်း၊ လားရှိုးမြို့နယ်၊ မိုင်းပိုင်ကျေးရွာအုပ်စု၊ ဟိုပိုင်ကျေးရွာဒေသဟာ လုံခြုံရေးကန့်သတ်နယ်မြေအဖြစ် ထုတ်ပြန်ထားတဲ့ နေရာဒေသမှာ ပါဝင်နေတဲ့အတွက် လုံခြုံရေးအခြေအနေအရ သွားလာရန် အခက်အခဲရှိတဲ့အတွက်ကြောင့်မို့လို့ မြေပြင်ကို ကွင်းဆင်းစစ်ဆေးနိုင်ခြင်း မရှိခဲ့ပါဘူး။

အဲဒီအပြင် ကျောက်စိမ်းအားမာန်ကုမ္ပဏီနဲ့ ရွှေသတ္တုတူးဖော်ခြင်းမရှိကြောင်း လားရှိုးမြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး၊ အုပ်ချုပ်ရေးဦးစီးဌာနအမည်အနေနဲ့ မိုင်းပိုင်ပြည်သူစစ်အဖွဲ့တို့ကလည်း အတည်ပြု ထောက်ခံပေးထားပါတယ်။ လုပ်ကွက်သစ်များ ခွင့်ပြုချထားပေးခြင်းနဲ့ စပ်လျဉ်းပြီး ၁၉-၂-၂၀၁၆ ရက်နေ့မှာ ကျင်းပပြုလုပ်တဲ့ ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ (၁၆)ကြိမ်မြောက် အစည်းအဝေး သဘောတူဆုံးဖြတ်ချက်အရ ဓာတ်သတ္တုသယံဇာတများကို ရေရှည်အကျိုးမျှော်ကိုးပြီး နိုင်ငံသားအားလုံး သားစဉ်မြေးဆက်ခံစားခွင့်ရရှိရေးအတွက် အကန့်အသတ်နဲ့ လုပ်ဆောင်ခွင့်ပြုသွားမှာဖြစ်တဲ့ စီမံချက်အရ လုပ်ကွက်အသစ် ချထားမှုများကို ၂၆-၇-၂၀၁၆ ကစပြီးတော့ ကျွန်တော်တို့ ယာယီ

အခုထိကို ရပ်ဆိုင်းထားပါတယ်။ လက်ရှိခွင့်ပြုမိန့်ရရှိထားတဲ့ ကုမ္ပဏီများအနေနဲ့ လုပ်ပိုင်ခွင့် ရရှိထားတဲ့ လုပ်ကွက်များကို မြန်မာ့သတ္တုတွင်း ဥပဒေ၊ နည်းဥပဒေ ခွင့်ပြုမိန့်ပါ စည်းကမ်းချက်များ၊ ချုပ်ဆိုထားတဲ့ သဘောတူစာချုပ်ပါ သတ်မှတ်ချက်အတိုင်း လိုက်နာဆောင်ရွက်စေလျက်ရှိပါတယ်။

တရားဝင်ရွှေသတ္တုတူးဖော်တဲ့ လုပ်ငန်းများအတွက် လုပ်ငန်းစီမံချက်အဆိုပြုလွှာ (Project Proposal) ကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနက စိစစ်ပြီးတော့ ကနဦး ပတ်ဝန်းကျင် ဆန်းစစ်ခြင်း အစီရင်ခံစာ (IEE) ဒါမှမဟုတ် ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ် (EMP) ပြုစုရေးဆွဲ တင်ပြစေပါတယ်။ (EMP) အစီရင်ခံစာကို လက်ခံအတည်ပြုပြီးမှသာလျှင် ဝန်ကြီးဌာနကနေပြီးတော့ လုပ်ထုံးလုပ်နည်းနှင့်အညီ ခွင့်ပြုမိန့်များကို ထုတ်ပေးခြင်းနဲ့ စာချုပ်ချုပ်ဆိုခြင်းများကို ဆောင်ရွက်လျက်ရှိပါတယ်။

ပတ်ဝန်းကျင်ထိခိုက်မှုများ ဖြစ်လာလို့ရှိရင်တော့ မြန်မာ့သတ္တုတွင်းဥပဒေ ပုဒ်မ ၂၈ နဲ့အညီ စီမံခန့်ခွဲရေးအရ အရေးယူခြင်း၊ ပုဒ်မ ၃၂ တို့နဲ့အညီ တရားစွဲဆိုအရေးယူခြင်းတို့ကို ဆောင်ရွက်ရမှာဖြစ်ပါတယ်။ တရားစွဲဆို ပုဒ်မများကို ကျွန်တော် Power Point တင်ပြထားပါတယ်။ တရားဝင်ရွှေလုပ်ကွက်များကို ဒေသတွင်းမှ ထွက်ခွာပေးရန် ပြည်သူများက တိုင်ကြားလာပါကလည်း ကွင်းဆင်းစစ်ဆေးခြင်း၊ သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများက သဘောထားမှတ်ချက်များ ရယူခြင်းများ ဆောင်ရွက်ပြီး ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ရွှေသတ္တုတူးဖော်ခြင်းကြောင့် ဆုံးရှုံးနစ်နာခဲ့ရတဲ့ ပြည်သူများအတွက် မည်ကဲ့သို့ ပြန်လည်ပြုစားဆောင်ရွက်ပေးရမည်ကို သိလိုတဲ့အချက်နဲ့ ပတ်သက်ပြီးတော့ တရားဝင်ဖော်ထုတ်တူးဖော်တဲ့ လုပ်ငန်းများကြောင့် ထိခိုက်နစ်နာမှုအတွက် တရားစွဲဆို အရေးယူဆောင်ရွက်ခြင်းများအပြင် ပြန်လည်ထူထောင်ရေးအတွက် လုပ်ငန်းဆောင်ရွက်သူများက ထိခိုက်မှုများကို ကုစားပေးခြင်း၊ နစ်နာမှုလျော်ကြေးပေးရခြင်းတို့ ဆောင်ရွက်သွားစေမှာ ဖြစ်ပါတယ်။

ဒါနဲ့ပတ်သက်လို့ EMP ထဲမှာ အကုန်လုံးပါတယ်။ ကျွန်တော်တို့ ထိခိုက်နစ်နာမှုရှိရင် မည်ကဲ့သို့ ဆောင်ရွက်ရမည်လို့ ပါ ပါတယ်။ တရားမဝင် ရွှေသတ္တုတူးဖော်ခြင်းလုပ်ငန်များကိုတော့ ဖယ်ရှားပေးရေးအတွက် သတ္တုတွင်းဦးစီးဌာနက ကွင်းဆင်းစစ်ဆေးမယ့် စီမံချက်များ ရေးဆွဲပြီးတော့ ဒေသ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ ဒေသခံပြည်သူများနဲ့ ပူးပေါင်းဆောင်ရွက်သွားမှာဖြစ်ပြီး ရှာဖွေဖော်ထုတ် ဖမ်းဆီးရမိလို့ရှိရင်တော့ ကျွန်တော်တို့ မြန်မာ့သတ္တုတွင်းဥပဒေ ၃၀ ရဲ့ ပုဒ်မ ၃၀-က နဲ့အညီ တရားစွဲဆိုသွားမှာ ဖြစ်ပါတယ်။

သတ္တုတွင်းဦးစီးဌာန၊ အမှတ်(၂)သတ္တုတွင်းလုပ်ငန်းတွင် ဒေသအုပ်ချုပ်ရေးအဖွဲ့တို့ ပူးပေါင်းပါဝင်တဲ့အဖွဲ့နဲ့ ရှောင်တခင်စစ်ဆေးမှုများကို ၂၀၁၆ ခုနှစ်၊ ဧပြီလကနေပြီးတော့ ၂၀၁၇၊ မေလ အထိ ဆောင်ရွက်ခဲ့တဲ့နေရာမှာ စစ်ကိုင်းတိုင်းဒေသကြီးမှာ (၁၇)မှု၊ မန္တလေးတိုင်းဒေသကြီးမှာ (၁)မှု၊ ကချင်ပြည်နယ်မှာ(၄)မှု၊ ရှမ်းပြည်နယ်မှာ(၁)မှု၊ နေပြည်တော်မှာ(၁)မှု စုစုပေါင်း တရားမဝင် ရွှေသတ္တုတူးဖော်မှု (၂၅)မှုကို တရားခံများနှင့်အတူ (၇)မှု၊ ပိုင်ရှင်မဲ့ (၁၈)မှုနဲ့ ဖမ်းဆီးအရေးယူဆောင်ရွက်ခဲ့ပါတယ်။ တရားမဝင် ရွှေသတ္တုတူးဖော်မှုကြောင့် သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှု

များအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှာ ဖွဲ့စည်းထားတဲ့ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနဲ့ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ကြီးကြပ်မှုကော်မတီမှ ကွင်းဆင်းစစ်ဆေးပြီးတော့ ပြန်လည်ကုစားနိုင်မယ့် လုပ်ငန်းအစီအစဉ်များ ပြုစုရေးဆွဲပြီး အမျိုးသားအဆင့် ဗဟိုကော်မတီအစည်းအဝေးမှာ တင်ပြဆွေးနွေးခြင်း၊ ဆွေးနွေးရရှိတဲ့ လုပ်ငန်းအစီအစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ဝန်ကြီးဌာနက လိုအပ်တဲ့ နည်းပညာနဲ့ အကူအညီများကို ရှာဖွေပံ့ပိုးခြင်းအဖြင့် ပတ်ဝန်းကျင်များရဲ့ ပျက်စီးမှုကို ပြန်လည်ကုစားသွားမှာ ဖြစ်ပါတယ်။ အဲဒီအပြင် လိုအပ်တဲ့ လုပ်ငန်းရန်ပုံငွေ အသုံးစရိတ်များ ရယူပံ့ပိုးနိုင်ရန်အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့် ကြီးကြပ်မှုကော်မတီများမှ တစ်ဆင့် အမျိုးသားသဘာဝပတ်ဝန်းကျင်ထိန်းသိမ်းခြင်းနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ဗဟိုကော်မတီကို တင်ပြဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ နယ်မြေတည်ငြိမ်အေးချမ်းပြီး လုံခြုံရေးကောင်းမွန်လာမှုအပေါ် မူတည်ပြီးတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့နဲ့ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။

ဒုတိယမေးခွန်းကို ကျွန်တော် ဆက်လက်ဖြေကြားသွားပါမယ်။ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခင်မျိုးဝင်း ရဲ့ တနင်္သာရီတိုင်းဒေသကြီး၊ ဘုတ်ပြင်းမြို့နယ်၊ ပြည်ကြီးမဏ္ဍိုင်မြို့၊ ဘန်ဂလားကျေးရွာအုပ်စုရှိ ရတနာပုံကျေးရွာအား သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ သတ္တုတွင်းမြေအဖြစ်မှ ပယ်ဖျက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းပြီး ကျွန်တော် ဖြေကြားသွားပါမယ်။

Power Point မှာ ကျွန်တော် တင်ပြထားတဲ့အတိုင်းပါပဲ။ ရတနာပုံသတ္တုတွင်းစီမံကိန်းကို ယခင်က နက်မင်းမိုင်းလို့ခေါ်ပြီးတော့ ၁၉၂၀ ခုနှစ်မှာ ထိုင်းနိုင်ငံက ထိုင်းလူမျိုးတစ်ဦးက တွေ့ရှိကြောင်း မှတ်တမ်းများအရ သိရှိရပါတယ်။ ရတနာပုံသတ္တုတွင်းစီမံကိန်းမှာ ယခင် သတ္တုတွင်းဝန်ကြီးဌာန၊ အမှတ်(၂)သတ္တုတွင်းလုပ်ငန်းကနေပြီးတော့ ဌာနဆိုင်ရာ ထုတ်လုပ်မှုလုပ်ငန်းများ စတင်ဆောင်ရွက်စဉ်တုန်းက ဝန်ထမ်းလုပ်သားအင်အား (၂၅၀)ကျော်နဲ့ ဆောင်ရွက်ခဲ့ပြီးတော့ ထုတ်လုပ်မှုရပ်ဆိုင်းခဲ့ရာမှာ ဝန်ထမ်းတွေဟာ အခြားသတ္တုတွင်း စီမံကိန်းများကို ပြောင်းရွှေ့ပေးခဲ့ရပါတယ်။ သို့သော် အချို့သော ဝန်ထမ်းလုပ်သားများမှာ စီမံကိန်းမှာပဲ ဆက်လက်အခြေချ နေထိုင်ခဲ့ကြရာမှ ရတနာပုံကျေးရွာလို့ ဖြစ်ပေါ်လာကြောင်း သိရှိရပါတယ်။

ယခင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စု၏ ဝန်ကြီးရုံးရဲ့ ၂၈-၄-၂၀၁၅ ရက်နေ့ အမိန့်ကြော်ငြာစာအမှတ် (၄၇၄/၂၀၁၅) တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းခရိုင်၊ ဘုတ်ပြင်းမြို့နယ် လေညာကြိုးဝိုင်းအတွင်း ကျရောက်နေတဲ့ ရတနာပုံကျေးရွာမြေကို ခုနက ကိုယ်စားလှယ်တော်ကြီး ရှင်းလင်းပြတဲ့အတိုင်းပါပဲ။ ရတနာပုံကျေးရွာမြေ(၇၉.၉၁)ဧကနှင့် သာသနာနဲ့ အများပိုင်မြေ(၂၃.၀၉)ဧက စုစုပေါင်း မြေဧရိယာ(၁၀၃)ဧကကို ကျေးရွာပိုင်မြေအဖြစ် ပြောင်းလဲအသုံးပြုရန်အတွက် ကြိုးဝိုင်းထိပ်ကနေပြီးတော့ ပယ်ဖျက်ထားကြောင်းကို သိရှိရပါတယ်။

ရတနာပုံကျေးရွာဟာ ရတနာပုံသတ္တုတွင်းစီမံကိန်းရဲ့ ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်တဲ့နေရာနဲ့ အနီးဆုံးကိုက်(၇၀၀)ခန့်ဝေးပြီးတော့ မာန်ပြည့်ဖြိုးကုမ္ပဏီကနေပြီးတော့ ခဲမဖြူ အဖြိုက်နက်နဲ့ ရောရာသတ္တုတွင်း သတ္တုအသေးစားလုပ်ကိုင်ရန် ခွင့်ပြုမိန့်လျှောက်ထားတဲ့ လုပ်ကွက်(၂)ကွက်နဲ့ (၁)မိုင်ခွဲကျော်ကွာဝေးကြောင်း တွေ့ရှိရပါတယ်။ ရတနာပုံသတ္တု စီမံကိန်းပိုင်မြေ ဧရိယာဟာ မြို့နယ်ခွဲလယ်ယာစီမံခန့်ခွဲရေးနဲ့ စာရင်းဦးစီးဌာနရဲ့ မှတ်တမ်းများအရ ကွင်းဆင်းတိုင်းတာခြင်း မပြုနိုင်သောကြေးတိုင်ပြင်ကွင်း (Out Off Survey Area-OSS)ဖြစ်ပြီးတော့ မြေဧရိယာ မြေပုံအတိအကျမှတ်တမ်းတင်ထားခြင်းမရှိကြောင်းကို တွေ့ရှိရပါတယ်။

ဝန်ကြီးဌာနရဲ့ ဓာတ်သတ္တုလုပ်ကွက်များနဲ့ စမ်းသပ်တိုင်းတာရန် ခွင့်ပြုမိန့်၊ ထုတ်လုပ်ရန်ခွင့်ပြုမိန့်များ ချမှတ်ပေးရာမှာ ကျေးရွာမြေ၊ ဥယျာဉ်ခြံမြေ၊ လယ်မြေ၊ သစ်တောစိုက်ခြင်းများနဲ့ လွတ်ကင်းမှုရှိ/မရှိကို သက်ဆိုင်ရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးဌာန၊ သစ်တောဦးစီးဌာန၊ လယ်ယာမြေစီမံခန့်ခွဲရေးနဲ့ စာရင်းဦးစီးဌာန၊ ဝန်ကြီးဌာနလက်အောက်ရှိတဲ့ ဦးစီးဌာန၊ လုပ်ငန်းဌာနများကနေပြီးတော့ မြေပြင်ကွင်းဆင်းစစ်ဆေးစိစစ်ပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ သဘောထားမှတ်ချက်ကိုရယူပြီး ဧရိယာလွတ်ကင်းမှုရှိတဲ့ သတ္တုလုပ်ကွက်များကိုသာ ဝန်ကြီးဌာနကနေပြီးတော့ ခွင့်ပြုပေးလျက်ရှိပါတယ်။

ဒါ့ကြောင့် ရတနာပုံကျေးရွာမြေဧရိယာဟာ ကျေးရွာပိုင်မြေအဖြစ် ပြောင်းလဲအသုံးပြုနိုင်ရေးအတွက် ကြိုးဝိုင်းမြေအဖြစ်ကနေ ပယ်ဖျက်ထားပြီးဖြစ်တဲ့အတွက်ကြောင့် ခဲမဖြူ အဖြိုက်နက်နဲ့ ရောရာသတ္တုအသေးစားလုပ်ရန် လျှောက်ထားတဲ့ လက်ရှိလုပ်ကွက်များနဲ့ လွတ်ကင်းကြောင်း တွေ့ရှိရသော်လည်း ပြည်ကြီးမဏ္ဍိုင်မြို့နယ်ခွဲ၊ လယ်ယာမြေစီမံခန့်ခွဲရေးနဲ့ စာရင်းဦးစီးဌာနရဲ့ မှတ်တမ်းများအရ သတ္တုတွင်းနယ်မြေ (Mine Lease Area)အတွင်း ကျရောက်ခြင်း ရှိ/မရှိ သိရှိနိုင်ရန်အတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့ကို သက်ဆိုင်ရာဌာန ကိုယ်စားလှယ်များ ပါဝင်တဲ့အဖွဲ့နဲ့ ကွင်းဆင်းစစ်ဆေးခြင်းများကို ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

အကယ်၍ သတ္တုတွင်းမြေအဖြစ် ကျရောက်ပါက လုပ်ထုံးလုပ်နည်းများနှင့်အညီ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများ၊ တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့တို့နှင့် ပေါင်းစပ်ညှိနှိုင်းပြီး သတ္တုတွင်းနယ်မြေအဖြစ်မှ ပယ်ဖျက်နိုင်ရေးကို ဆောင်ရွက်နိုင်ရန်အတွက် ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

တတိယမေးခွန်းကို ကျွန်တော် ဆက်လက် ဖြေကြားသွားပါမယ်။ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစောမိုးမြင့်(ခ)ဆင်မြူရယ် ရဲ့ ရွှေပါဝင်မှုနှုန်းမြင့်မားပြီး သတ္တုသိုက်ပမာဏ ကြီးမားတဲ့ သတ္တုသိုက်များ [မိုးထိမိုးမိ လုပ်ကွက်(A)၊ ဝါးဖြူတောင် လုပ်ကွက်(B)၊ လယ်ပြင်လုပ်ကွက်(D)] တို့အား လုပ်ကိုင်ခွင့်ပြုထားသည့် ကုမ္ပဏီများမှ သတ်မှတ်ကာလအတွင်း သတ်မှတ်ရွှေပမာဏအား ပေးသွင်းရန် ပျက်ကွက်နေမှုအပေါ် မည်ကဲ့သို့ အရေးယူဆောင်ရွက်သည်ကို သိရှိလိုခြင်းနဲ့ စပ်လျဉ်းပြီး ကျွန်တော် ဖြေကြားသွားပါမယ်။

ခုနက ကိုယ်စားလှယ်တော်ကြီး ရှင်းလင်းတင်ပြတဲ့အတိုင်းပါပဲ။ မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းခရိုင် မိုးထိမိုးမိလုပ်ကွက်ဧရိယာ (၆၁၀၅)ဧကကိုတော့ ၃-၉-၂၀၁၁ ရက်နေ့ကနေပြီးတော့ ၁၀-၉-၂၀၁၁ ထိ နေ့စဉ်ထုတ်သတင်းစာများမှာ ကြေညာပြီးတော့ အိတ်ဖွင့်တင်ဒါခေါ်ယူခဲ့ပါတယ်။ အမျိုးသားကြီးပွားတိုးတက်ရေး ရွှေတူးဖော်ရေးလုပ်ငန်း ထုတ်လုပ်မှုအုပ်စု လီမိတက်ကနေပြီးတော့ ပုတ်ပြတ်ရွှေစင်(၅.၅၇၇)တန်ဖြင့် လုပ်ကွက်(A)သည် ဧကအားဖြင့်(၆၁၀၅)ဧကကို တင်ဒါအောင်မြင်ခဲ့ပြီးတော့ ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ ၂၆/၂၀၁၁ ကြိမ်မြောက် အစည်းအဝေးခွင့်ပြုချက်အရ ခွင့်ပြုခဲ့ပါတယ်။ အဲဒီ အစည်းအဝေးကနေပြီးတော့ ရွှေမိုးယံကုမ္ပဏီက ပုတ်ပြတ်ရွှေစင်(၅.၁၁၇)တန်ဖြင့် လုပ်ကိုင်လိုကြောင်း ဆန္ဒထပ်ပြုတဲ့အတွက်ကြောင့် ဝါးဖြူတောင်ဒေသမှ လုပ်ကွက်(B)သတ်မှတ်ပြီးတော့ ဧကအားဖြင့် (၈၄၈၄.၅၉)ဧကအား လုပ်ကိုင်ခွင့်ပြုခဲ့ပါတယ်။

အာရှကမ္ဘာမြေစက်မှုနှင့် သတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်ကလည်း လုပ်ကွက်(A)အတွက် တင်ဒါအဆိုပြုစဉ်က ပုတ်ပြတ်ရွှေစင်(၂.၂၀၅၈)တန်ဖြင့် လုပ်ကိုင်ရန် ဆန္ဒပြုတဲ့အတွက်ကြောင့်မို့လို့ ရှမ်းပြည်နယ် ကလောမြို့နယ်၊ ရွှေမင်းဖုန်းဒေသလုပ်ကွက်(D)၊ (၆၇၂၆.၂၀)ဧကကို ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၏ ၃၄/၂၀၁၁ ကြိမ်မြောက် အစည်းအဝေးရဲ့ ခွင့်ပြုချက်အရ လုပ်ကိုင်ခွင့်ပြုခဲ့ပါတယ်။ လုပ်ကွက်ကြီး(A) ကနေပြီးတော့ ကျွန်တော်တို့ ပုတ်ပြတ်စနစ်နဲ့ (၅.၅၇၇)မက်ထရစ်တန်၊ လုပ်ကွက် (B)က (၅.၁၁၇) မက်ထရစ်တန်၊ လုပ်ကွက် (D)က (၂.၂၀၅၈) မက်ထရစ်တန်တို့ကို ပြည်ထောင်စုအစိုးရအဖွဲ့ရုံးရဲ့ ၃၄/၂၀၁၁ ကြိမ်မြောက် အစည်းအဝေး ခွင့်ပြုချက်အရလည်းပဲ (၅)နှစ်သက်တမ်းစီ စာချုပ် ချုပ်ဆိုခဲ့ပါတယ်။

အဲဒီ ကုမ္ပဏီ(၃)ခုဟာ သတ္တုတွင်းထူထောင်ချိန် လုံလောက်မှုမရှိခြင်း၊ နိုင်ငံတကာအဆင့်မီ သတ္တုတွင်းတစ်ခု ထူထောင်ရာမှာ အဆင့်မြင့်နည်းပညာနဲ့ အရင်းအနှီးကြီးမားစွာလိုအပ်တဲ့အတွက်ကြောင့်မို့လို့ ပြည်ပကနေပြီးတော့ နိုင်ငံတကာနည်းပညာနဲ့ အကူအညီများ ဖိတ်ခေါ်ပြီးတော့ ရေရှည်လုပ်ကိုင်နိုင်တဲ့ သတ္တုတွင်းတစ်ခု ပေါ်ပေါက်လာရေးအတွက် စာချုပ်ပြင်ဆင် ချုပ်ဆိုရန် တင်ပြလာခဲ့ပါတယ်။

အဲဒီ တင်ပြချက်အပေါ်မှာ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးက မူလစာချုပ်ပါ ပုတ်ပြတ်ပေးသွင်းရမည့် ရွှေစင်ပမာဏ ပြောင်းလဲမှုမရှိဘဲ စာချုပ် သက်တမ်းပုတ်ပြတ် (၅)နှစ်အစား (၈)နှစ် ပြင်ဆင်ရန် (၅)နှစ်ပေးရမည့် ရွှေကို (၈)နှစ်အတွင်း သတ်မှတ်ချက်အတိုင်း ပေးသွင်းရန် ညွှန်ကြားခဲ့ပါတယ်။ ပုတ်ပြတ်စနစ်ရဲ့ (၈)နှစ်၊ ထုတ်လုပ်မှုအပေါ် ခွဲဝေမှု ခံစားသည့်စနစ်နဲ့ (၁၇)နှစ်၊ စုစုပေါင်း (၂၅)နှစ်နဲ့ ပြင်ဆင်ချက် သဘောတူစာချုပ်ကိုတော့ ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ ၂၆ ရက်နေ့ စာချုပ်ချုပ်ဆိုပါတယ်။

ထပ်မံပြီးတော့ ကုမ္ပဏီ(၃)ခုကနေပြီးတော့ ပြင်ဆင်ချက် သဘောတူစာချုပ်ပါ ထူထောင်မှုကာလအတွင်း ယခင် စာရင်းစစ် ကန့်ကွက်ချက်များဖြစ်ခဲ့တဲ့ ရွှေစင်များပေးသွင်းရခြင်း၊ သတ္တုသိုက်များ ပိုမိုရှာရခြင်း၊ အဆင့်မြင့်သန့်စင်စက်ရုံများ တိုးချဲ့တည်ဆောက်ရခြင်း၊ ရင်းနှီးမြှုပ်နှံမှုများ ပိုမိုတိုးမြှင့်ရခြင်း စသည့် အခက်အခဲများကြောင့် စုစုပေါင်းပေးသွင်းရမည့် ရွှေစင်ပမာဏနှင့် ကာလ

ပြောင်းလဲမှုမရှိဘဲ လစဉ်ပေးသွင်းရမည့် လျာထားချက်ကို ပြောင်းလဲပေးရန် ထပ်မံစာချုပ် ချုပ်ဆို ခွင့်ပြုရန် တင်ပြလာပါတယ်။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးကနေပြီးတော့ လုပ်ကွက်(A)နှင့်(D)ကို ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ၁၂ ရက်နေ့နှင့် လုပ်ကွက်(B)ကို စက်တင်ဘာလ ၁၅ ရက်နေ့မှာ ဒုတိယ အကြိမ် စာချုပ်ကို ပြင်ဆင်ချုပ်ဆိုခဲ့ပါတယ်။

မူလစာချုပ်ကို ဒုတိယအကြိမ် ပြင်ဆင်ချုပ်ဆိုပြီးသည့်နောက် လစဉ်ပေးသွင်းရမည့် ရွှေစင်များကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အထိ လုပ်ကွက် (A) က (၂၄၃.၃၆၀၄)ပိဿာ၊ လုပ်ကွက် (B)က (၉၁.၉၁၈၇)ပိဿာ၊ လုပ်ကွက်(D)က ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလအထိ (၁၂၉.၀၉၅၇)ပိဿာ စုစုပေါင်း ရွှေစင် (၄၆၄.၃၇၄၈)ပိဿာကို သတ်မှတ်ချက်အတိုင်း ပေးသွင်းနိုင်ပြီးတော့၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ သတ္တုထုတ်ယူရန် မြေအောက်လမ်းကြောင်းများ ရှည်လျားလာသည့်အတွက် ထုတ်ယူရန် ခက်ခဲလာခြင်း၊ သတ္တုသန့်စင်စက်ရုံများ တည်ဆောက်ခြင်းအတွက် အချိန်ယူရခြင်း၊ ငွေကြေးရင်းနှီးမှု အခက်အခဲများရှိလာခြင်း၊ ရွှေပါဝင်မှုနှုန်းနည်းလာခြင်းနဲ့ မတည်ငြိမ်ခြင်း၊ လုပ်သားများကျွမ်းကျင်မှုနဲ့ ကျန်းမာကြံ့ခိုင်မှုလိုအပ်ခြင်း စသည့် အခက်အခဲများကြောင့် ကုမ္ပဏီ(၃)ခု ကနေပြီးတော့ ခုနက ကိုယ်စားလှယ်တော်ကြီး တင်ပြတဲ့အတိုင်းပါပဲ စာချုပ်ပါအတိုင်း ပေးသွင်းရန် သင့်တော် လုံလောက်တဲ့အချိန်နဲ့ လစဉ်ပေးသွင်းနိုင်မည့် ရွှေစင်နှုန်းထားများကို ပြန်လည်ညှိနှိုင်း သတ်မှတ်ပေးရန်အတွက် စာချုပ်သစ် ချုပ်ဆိုခွင့်ပြုပါရန် တင်ပြခဲ့ပါတယ်။

ဒီတင်ပြချက်အပေါ်မှာ ဝန်ကြီးဌာနကနေပြီးတော့ Third Party ဖွဲ့စည်းစစ်ဆေးခွင့်ပြုရန် နိုင်ငံတော်သမ္မတရုံးသို့ တင်ပြတဲ့အခါမှာ နိုင်ငံတော်သမ္မတရုံးရဲ့ ခွင့်ပြုချက်အရ ၁၂-၁-၂၀၁၇ မှာ Third Party ကို ဖွဲ့စည်းပြီးတော့ လုပ်ကွက်ကြီး(A, B, D) ကို ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလမှစတင် စစ်ဆေးခဲ့ပါတယ်။ ၂၀၁၇ ၊ ဇွန်လ ၁၆ ရက်နေ့မှာ Third Party အစီရင်ခံစာ တင်ပြခဲ့ပါတယ်။ အမှတ်(၂)သတ္တုတွင်းလုပ်ငန်းအနေနဲ့ အမျိုးသားကြီးပွားတိုးတက်ရေးကုမ္ပဏီမှ လက်ရှိ စာချုပ်ပါ ၂၀၁၆၊ ဒီဇင်ဘာအထိ ပေးသွင်းရန် ရွှေစင်(၁၀၆.၀၁၅၇)ပိဿာ ဖြစ်ပေါ်သည့်ကိစ္စနှင့် ပတ်သက်ပြီး အရေးယူဆောင်ရွက်မှုအနေနဲ့ ကုမ္ပဏီရဲ့ လုံခြုံမှုအာမခံ စပေါ်ငွေ ကျပ်သိန်းပေါင်း (၁၀၀၀၀)ကို နုတ်ယူပြီးတော့ အဲဒီနေ့မှာ ဖြစ်ပေါ်နေတဲ့ ဈေးနှုန်းနဲ့ တန်ဖိုးသင့်ရွှေ(၁၁.၂၆၁၂)ပိဿာကို ကျွန်တော် ငွေသားကနေပြီးတော့ ရွှေအဖြစ် လက်ခံရရှိပြီးတော့ ၎င်းငွေကိုလည်း (၂)လအတွင်း ပြန်လည် ပေးသွင်းစေရန် ဆောင်ရွက်ထားပြီး ဖြစ်ပါတယ်။

အဲဒီအပြင် အမှတ်(၂)သတ္တုတွင်းလုပ်ငန်းမှ ညွှန်ကြားရေးမှူး ခေါင်းဆောင်သည့်အဖွဲ့နဲ့ လုပ်ကွက်(A)မှ ထုတ်လုပ်ရရှိသည့် ငွေများကို အချိုးတစ်ခုနဲ့ ခွဲဝေပြီး ဌာနသို့ ရွှေပေးသွင်းစေခဲ့ရာ ရွှေစင် (၁၀.၀၄၈၃)ပိဿာ ရရှိပြီး ဖြစ်ပါတယ်။ ရွှေမိုးယံကုမ္ပဏီနဲ့ အာရှကမ္ဘာမြေကုမ္ပဏီတို့က လက်ရှိ စာချုပ်ပါ ၂၀၁၆၊ ဒီဇင်ဘာအထိ ပေးသွင်းရန်ကျန်တဲ့ ရွှေစင်(၆၂.၇၅၃၆)ပိဿာ နှင့် (၂၅.၆၉၈၂) ပိဿာနဲ့ ပတ်သက်ပြီးတော့ ကုမ္ပဏီနှစ်ခုရဲ့ လုံခြုံမှုအာမခံစပေါ်ငွေ ကျပ်သိန်းပေါင်း(၁၀၀၀၀)စီကို လည်းပဲ နုတ်ယူနိုင်ရေးအတွက် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန သို့ တင်ပြဆောင်ရွက်လျက်ရှိပါတယ်။

လုပ်ကွက်(B)နှင့် (D)ကိုလည်းပဲ ဌာနကြီးကြပ်ရေးအဖွဲ့များ စေလွှတ်ပြီးတော့ လက်ရှိစာချုပ်အရ ပေးသွင်းရမည့်ရွှေများကို ပေးသွင်းနိုင်ရေးအတွက် ကြီးကြပ်ဆောင်ရွက်လျက်ရှိပါတယ်။ ဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီကနေပြီးတော့ Third Party ရဲ့ အစီရင်ခံစာပေါ်ဆွေးနွေးပြီး ကျွန်တော်တို့ ၂၂-၆-၂၀၁၇ ရက်နေ့ကစပြီး ကုမ္ပဏီ(၃)ခုကို တွေ့ဆုံပြီးတော့ လက်ရှိစာချုပ်အရ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ ပေးသွင်းရမည့် ရွှေစင်များကို သတ်မှတ်ကာလအတွင်း ပြည့်မီစွာ ပေးသွင်းနိုင်ခြင်း မရှိက မြန်မာ့သတ္တုတွင်းဥပဒေပုဒ်မ ၂၈(က)အရ ၁-၇-၂၀၁၇ ရက်နေ့ကစပြီး ထုတ်လုပ်မှုလုပ်ငန်းများကို ယာယီရပ်နားထားပေးရန် အသိပေးအကြောင်းကြားခြင်း၊ ဝန်ကြီးဌာနမှ လုပ်ကွက်(၃)ခုရဲ့ လုပ်ငန်းများကို အနီးကပ်ကြီးကြပ်ရန် အထူးစောင့်ရှောက်ရေးအဖွဲ့(၃)ဖွဲ့ စေလွှတ်ထားရှိခြင်း၊ ကုမ္ပဏီ(၃)ခုမှ တင်ပြသည့် အခက်အခဲများကြောင့် ကုမ္ပဏီများမှပေးသွင်းရမည့် ရွှေပမာဏ ပေးသွင်းနိုင်ရန် အချိန်ကာလနှင့် အခြားထည့်သွင်းစဉ်းစားသင့်သည့် အချက်များကို ပြည်ထောင်စုရှေ့နေချုပ်ရုံးရဲ့ အကြံပြုချက် သဘောထားရယူခြင်း၊ ပြည်ထောင်စုစာရင်းစစ်ရုံး သဘောထားရယူခြင်း၊ ကုမ္ပဏီ(၃)ခုက လက်ရှိစာချုပ်အရ ပေးသွင်းရမည့်ရွှေများကို သတ်မှတ်ခွင့်ပြုမည့် ကာလအတွင်း ပေးသွင်းရမည့် အစီအမံများကို တင်ပြစေခြင်း၊ ဝန်ကြီးဌာနစီမံခန့်ခွဲရေး ကော်မတီက ကုမ္ပဏီတာဝန်ရှိသူများနဲ့ အကြိမ်ကြိမ် တွေ့ဆုံဆွေးနွေးပြီး သင့်တင့်မျှတတဲ့ Final အစီအမံကို တင်ပြစေခဲ့ပါတယ်။ အမှတ်(၂) သတ္တုတွင်းလုပ်ငန်းမှ ကုမ္ပဏီ(၃)ခု တင်ပြခဲ့တဲ့ အစီအမံများကို စိစစ်သုံးသပ်ပြီးတော့ ဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီကို တင်ပြခဲ့ရပါတယ်။ စီမံခန့်ခွဲရေးကော်မတီရဲ့ (၂၂/၂၀၁၇) တင်ဒါအစည်းအဝေးကနေပြီးတော့ အဲဒီဟာကို အတည်ပြုခဲ့ပါတယ်။ ဝန်ကြီးဌာနအနေနဲ့ ဒီလိုယာယီ ဆိုင်းငံ့ထားတဲ့ကာလအတွင်း ကုမ္ပဏီ(၃)ခုထံမှာ စာချုပ်ရ ပေးသွင်းရမည့်ရွှေများ ကောက်ခံရရှိရေးနှင့် ကုမ္ပဏီ (၃)ခုက တင်ပြထားတဲ့ စာချုပ်များ ပြင်ဆင်ချုပ်ဆို၍ လိုအပ်ချက်များ ရှိ/မရှိကို စိစစ်ပြီးတော့ နိုင်ငံတော်သမ္မတရုံးကို ဆက်လက်တင်ပြထားရှိပါကြောင်း လေးစားစွာ ဖြေကြားအပ်ပါတယ် ခင်ဗျား။

**ဦးစိုင်းဝမ်းလှိုင်းခမ်း၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)**။ ။ ဟုတ်ကဲ့ ပြည့်စုံစွာ ဖြေကြားပေးတဲ့ ပြည်ထောင်စုဝန်ကြီးကို ကျေးဇူးတင်ပါတယ်။ နယ်မြေအေးချမ်းမှု အပေါ်မူတည်ပြီး ရှမ်းပြည်နယ်အစိုးရနှင့် ပေါင်းစပ်ပြီးတော့ ကွင်းဆင်းစစ်ဆေးမယ်ဆိုတာကို သိရလို့ ဝမ်းသာရပါတယ်။ ဒါပေမဲ့ အဆိုပါ တူးဖော်နေမှုက အခုချိန်ထိ မရပ်တန့်သေးပါဘူး။ (၇)နှစ်၊ (၈)နှစ် လောက်ရှိပါပြီ။ ပြည်သူတွေ နစ်နာတာပါ။ ဒါကြောင့် အမြန်ဆုံးရပ်တန့်ဖို့အတွက် အမြန်ဆုံး ကျွန်တော်တို့ ဘယ်လိုတုံ့ပြန်သွားမည်ကို သိရှိလိုပါတယ်ခင်ဗျား။

**ဦးအုန်းဝင်း (ပြည်ထောင်စုဝန်ကြီး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန)**။ ။ ကျွန်တော်ကတော့ အမြဲတမ်း ရှမ်းပြည်နယ်အစိုးရနဲ့ ဆက်သွယ်ပြီးတော့မှ လုပ်ကိုင်လေ့ ရှိပါတယ်။ ရှမ်းပြည်နယ်အစိုးရကနေပြီးတော့ ဒီနေရာမှာ ခုနကပြောသလို လုံခြုံရေး အခြေအနေအရ ကောင်းမွန်တယ်ဆိုရင် ကျွန်တော်အဖွဲ့ ဖွဲ့ပြီးတော့ ဒီက တပ်မတော်သားများ အပါအဝင်ပေါ့လေ၊ အဖွဲ့ဖွဲ့ပြီးတော့ ကျွန်တော်တို့ အဲဒီနေရာကို ကွင်းဆင်း စစ်ဆေးသွားမည်ဖြစ်ပါကြောင်း အမြန်ဆုံး ကွင်းဆင်းစစ်ဆေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ အထူးသဖြင့် မိုးရာသီထက်ကို ဆောင်းရာသီ၊ နွေရာသီမှာ ဖြစ်နိုင်တာ များပါတယ်။

**ဥက္ကဋ္ဌ**။ ။ မေးခွန်းလာရောက်ဖြေကြားပေးတဲ့ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များ မိမိအစီအစဉ်ပြီးဆုံးလျှင် ပြန်လည်ထွက်ခွာနိုင်ပါတယ်။

**အချိန်၊ ၁၀း၄၅။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်နှစ်ဦး မေးမြန်းသည့် မေးခွန်းများဟာ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားမည့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ယာဉ်တိုက်မှုများ တစ်နှစ်ထက်တစ်နှစ် ပိုမိုများပြားလာခြင်း၊ အသေအပျောက် တိုးပွားလာခြင်းသည် ယာဉ်စည်းကမ်း လမ်းစည်းကမ်း မလိုက်နာခြင်းနှင့်အတူ ယာဉ်လိုင်စင် ချပေးမှုတို့ တွင်လည်း ဆက်စပ်တာဝန်ရှိပါသဖြင့် တင်းကြပ်တိကျသည့် စည်းကမ်းသတ်မှတ်ချက်များဖြင့် ပြုပြင် ကိုင်တွယ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၄၅။**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ ဦးဖေတင် က ယာဉ်တိုက်မှုများ တစ်နှစ်ထက်တစ်နှစ် ပိုမိုများပြားလာခြင်း၊ အသေအပျောက် တိုးပွားလာခြင်းသည် ယာဉ်စည်းကမ်း လမ်းစည်းကမ်း မလိုက်နာခြင်းနှင့်အတူ ယာဉ်လိုင်စင် ချပေးမှုတို့တွင်လည်း ဆက်စပ်တာဝန်ရှိပါသဖြင့် တင်းကြပ်တိကျသည့် စည်းကမ်းသတ်မှတ်ချက်များဖြင့် ပြုပြင်ကိုင်တွယ် ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၆။**

**ဦးဖေတင်၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)**။ ။ ဥက္ကဋ္ဌကြီးနှင့်တကွ ကြွရောက်လာသူအားလုံး မင်္ဂလာအပေါင်းနဲ့ ခညောင်းကြပါစေ ခင်ဗျား။ ကျွန်တော်ကတော့ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)က အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဖေတင် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော့်ကို Power Point အသုံးပြုဖို့ တောင်းခံပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point မှာတင်ပြထားတဲ့ ဇယားက ကျွန်တော့် မွန်ပြည်နယ်မှာ ၂၀၁၃ ခုနှစ်ကနေ ၂၀၁၇ ခုနှစ်၊ မေလကုန်အထိ ယာဉ်တိုက်မှုဖြစ်ပွားခဲ့တဲ့ ဇယားအမှန်အကန် ဖြစ်ပါတယ်။ ဒီ ဇယားကို ကြည့်လို့ရှိရင် ပြစ်မှုပေါင်းက (၂၇၆၄)မှု ရှိပါတယ်။ ပြစ်မှုပုဒ်မ ၂၇၉၊ ၃၃၇၊ ၃၃၈ ပုဒ်မ ၃၀၄ (က) လိုင်စင်ရှိတဲ့ယာဉ်တွေက အမှုတွေက (၂၃၈၇)မှုရှိပါတယ်။ လိုင်စင်မဲ့ ယာဉ်တွေက (၄၄၁)မှုရှိပါတယ်။ သေဆုံးတဲ့သူ ကျား၊ မ စုစုပေါင်းက (၁၈၅၇)ယောက်ရှိပါတယ်။ ဆုံးရှုံးမှုတန်ဖိုးက ကျပ်သိန်း (၄၂၄၂၂၃၃၀၀) ကျပ်တိတိ ဖြစ်ပါတယ်။ ဒါက ယာဉ်တိုက်မှု၊ ဇွန်လ ဒုတိယအပတ်မှာ ဖြစ်ပွားခဲ့တဲ့ မုဒုံမြို့နယ်အထွက်၊ ကယန်းကွမ်တာရွာမှာ ဖြစ်ပါတယ်။ ဒါကလည်း နောက်ထပ် ရွာတစ်ရွာမှာဖြစ်တဲ့ တစ်ရက်ထဲဖြစ်တဲ့ ပုံတွေပါ ခင်ဗျာ။ ဒါက ဒီမော်လမြိုင်နဲ့ မုဒုံကြား ဟိုင်းဝေး လမ်းပေါ်မှာ ဖြစ်ပွားခဲ့တဲ့ ယာဉ်တိုက်မှုတစ်ခု။ ဟုတ်ကဲ့။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီယာဉ်တိုက်မှုတွေကို ကြည့်တဲ့အခါကြတော့ ကျွန်တော်တို့ ယာဉ်မတော်တဆ တိုက်မှုတွေမှာ ထိုက်သင့်တဲ့ သတိအာရုံထားပြီးမောင်းနှင်သူက တစ်ဖက်၊ မဆင်မခြင် စည်းမဲ့ကမ်းမဲ့ မောင်းနှင်လာတဲ့သူက တစ်ဖက် တိုက်မိတဲ့အခါမှာ မဆင်မခြင်မောင်းနှင်သူရဲ့ မိမိရဲ့ ပယောဂကြောင့် မိမိသေဆုံးရခြင်းကိစ္စမှာ လမ်းမှန်၊ အရှိန်မှန် မောင်းနှင်လာတဲ့သူကလည်း မျှဝေပြီးတော့ အပြစ်မရှိဘဲနဲ့ ပြစ်ဒဏ်ကိုကျခံရတဲ့အခါမှာ ငွေကုန်ကြေးကျတွေ တအားများတယ်။ ပြီးတော့ အချိန်တွေအများကြီး ပေးရတယ်။ ပြီးတော့ ကျွန်တော်တို့ဒေသမှာ အများအားဖြင့် ယာဉ်ကြီး၊ ယာဉ်ငယ်ဆိုတဲ့ ခွဲခြားဆုံးဖြတ်ခံရမှုတွေကြောင့် မျှတမှုမရှိဘူးလို့ ထင်မြင်သုံးသပ်မိပါတယ် ခင်ဗျား။ ဒုတိယအချက်အနေနဲ့က ယာဉ်တိုက်မှုတွေမှာ ယာဉ်နှစ်စီး မျက်နှာချင်းဆိုင်က တိုက်ခိုက်မှု၊ တစ်စီးနဲ့ တစ်စီးကျော်ပြီးတော့ တက်လာတိုင်း တိုက်မိတဲ့အမှု၊ ကျွဲ၊ နွား၊ ခွေးတိရစ္ဆာန် စသည်တို့ကို တိမ်းရှောင်ရာကနေ တစ်ဖက်ယာဉ် မတော်တဆတိုက်မိမှု၊ နောက်ကကပ်လိုက်လာပြီး အတင်းကျော်တက်ရန် ကြိုးစားတဲ့အခါမှာ မလွတ်မကင်းဖြစ်ပြီးတော့ ကားနှစ်စီးကြားမှာ ညှပ်ပြီးတော့ တိုက်ခိုက်ခံရတဲ့အမှု စသဖြင့် ဖြစ်လေ့ဖြစ်ထ ရှိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပြီးခဲ့တဲ့ ဇယားကတော့ မွန်ပြည်နယ်ကို ကျွန်တော် ဥပမာထားပြီး ပြောတာပါ။ မွန်ပြည်နယ်အပါအဝင် တစ်နိုင်ငံလုံးမှာရှိတဲ့ နေ့စဉ်၊ လစဉ်၊ နှစ်စဉ်၊ ယာဉ်တိုက်မှုကြောင့် သေဆုံးခဲ့ရတဲ့ ပုဂ္ဂိုလ်တွေ၊ အသက်အရွယ်တွေ မနည်းတော့ပါဘူး။ အဲဒီတော့ ဒီသေဆုံးရတဲ့အထဲမှာ တက္ကသိုလ်ကျောင်းသူ၊ ကျောင်းသား လူငယ်လူရွယ်တွေအများကြီး ပါ ပါတယ်။ နိုင်ငံ့ဝန်ထမ်းကောင်းတွေပါ ပါတယ်။ အဲဒီတော့ သူတို့တွေရဲ့အသက်က နှမြောဖို့ကောင်းပါတယ်။ တိုင်းပြည်အတွက်လည်း အချည်းနှီးသော ဆုံးရှုံးမှုတွေ ဖြစ်ပါတယ်။ အဲဒီတော့ ဒီလိုနဲ့ပဲ ကျွန်တော်တို့က တစ်နှစ်ထက် တစ်နှစ်ပိုပြီးတော့ ယာဉ်တိုက်မှုတွေကို အများအပြား ဖြစ်ခွင့်ပေးနေမှာလား။ မတားဆီး မထိန်းချုပ်ဘူးလားဆိုတဲ့ ပြဿနာတွေ ကျွန်တော်တို့ ဖြေရှင်းဖို့ လိုအပ်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့ တိုင်းပြည်မှာ စည်းနဲ့ကမ်းနဲ့ ဥပဒေဘောင်အတွင်းနေထိုင်ခြင်း၊ ဘေးကင်းရန်ကွာလွန်ချမ်းသာလို့ ဆိုင်းဘုတ်တင်ထားပေမယ့် ဥပဒေနဲ့ စည်းကမ်းချက်နဲ့ ထိန်းကွပ်မှု အလွန်တရာနည်းပါးတယ်ဆိုတာ တွေ့နေရပါတယ်။

ဒီအတွက်ကြောင့် ယာဉ်တိုက်မှုတွေကို နည်းပါးလာအောင် ပညာပေးသွားတဲ့ ဟောပြောပွဲတွေ၊ သရုပ်ပြပွဲတွေ ပြီးတော့ ယာဉ်စည်းကမ်းမကြာမကြာထွက်ပေးခြင်းအားဖြင့် ထိန်းကွပ်မယ့် အပိုင်းလေးတွေကို လုပ်ပေးလို့ရှိရင် တစ်ဖက်တစ်လမ်းက အလွန်တရာသက်သာ နည်းပါးတဲ့ အခွင့်အလမ်းလေးတွေနဲ့ ကျွန်တော်တို့က ထိန်းညှိနိုင်မှာ ဖြစ်ပါတယ်။ နောက်တစ်ခုက ယာဉ်မောင်းလိုင်စင်ကို အလွယ်တကူချပေးခြင်း ကိစ္စပါ။ ခရီးရေးရှားနိုင်ငံမှာဆိုရင် ကျွန်တော်တို့ တိုင်းပြည်ထက် အများကြီးငယ် ပါတယ်။ ယာဉ်အစီးရေလည်းနည်းပါတယ်။ သို့သော် သူတို့နိုင်ငံမှာ ယာဉ်မောင်းလိုင်စင် တစ်ခါထုတ်ပေးဖို့အတွက်ဆိုရင် နှစ်လတိတိ သင်တန်းတက်ရပါတယ်။ ဒါ ကျွန်တော် ဗဟုသုတအနေနဲ့ ကြားခဲ့လို့ပြောတာပါ။ ကျွန်တော်တို့ တိုင်းပြည်မှာက အလွန်တရာ ပိုက်ဆံပေးနိုင်ရင် လိုင်စင်ရရှိနေပြီဖြစ်တဲ့ အတွက်ကြောင့် ---

**ဥက္ကဋ္ဌ**။　။ အချိန်ကုန်သွားပါပြီ။

ယာဉ်တိုက်မှုဖြစ်ပွားခဲ့သည့် မြင်ကွင်းပုံ (စစ)



ယာဉ်တိုက်မှုဖြစ်ပွားခဲ့သည့် မြင်ကွင်းပုံ (စစ-၁)



**နာဂကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ၊ လေရှီးမြို့နယ်၊ လဟယ်မြို့နယ်နှင့် နန်းယွန်းမြို့နယ်များတွင် MPT 3G ဆက်သွယ်ရေး တာဝါတိုင်များ ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၅၁။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးမင်းနိုင် က နာဂကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ၊ လေရှီးမြို့နယ်၊ လဟယ်မြို့နယ်နှင့် နန်းယွန်းမြို့နယ်များတွင် MPT 3G ဆက်သွယ်ရေး တာဝါတိုင်များ ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၅၁။**

**ဦးမင်းနိုင်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)**။ ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အားလုံးမင်္ဂလာပါလို့ ရှေးဦးစွာဂါရဝပြု အပ်ပါတယ်။ ကျွန်တော်က နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စစ်ကိုင်းတိုင်းဒေသကြီး၊ မဲဆန္ဒနယ်မြေအမှတ်(၁၂)မှ ဦးမင်းနိုင် ဖြစ်ပါတယ်။ နာဂဒေသဖြစ်သော လေရှီးမြို့နယ်၊ လဟယ်မြို့နယ်နှင့် နန်းယွန်းမြို့နယ်များတွင် ဆက်သွယ်ရေးတာဝါတိုင် MPT 3G အဆင့် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်းဖြစ်ပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ နာဂကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ (၃)မြို့နယ်တွင် သတ်မှတ်ပြီးဖြစ်သော်လည်း မြို့ချင်းဆက်လမ်း မရှိသေးကြောင်း တင်ပြလိုပါတယ်။ လေရှီးမြို့နယ်သို့ သွားလျှင် (၃)၊ (၄) မြို့မှ အသွားအပြန်ပြုလုပ်၍ လဟယ်မြို့နယ်ကိုသွားလျှင် ခန္တီးမြို့မှ အသွားအပြန် ပြုလုပ်၍၊ နန်းယွန်းမြို့နယ်သို့သွားလိုလျှင် မြစ်ကြီးနားကို အသွားအပြန် လမ်းကြောင်းအဖြစ် အသုံးပြုရကြောင်း တင်ပြလိုပါတယ်။ နာဂဒေသမှာ တာဝန်ရှိဌာနဆိုင်ရာ အကြီးအကဲများ၊ ပုဂ္ဂိုလ်များ၊ အရေးကြီးအစည်းအဝေး ပြုလုပ်ရန်ရှိပါက မန္တလေးမြို့တွင် ရက်သတ်မှတ်ပြီး ဆောင်ရွက်ခြင်းမှာ အလျှင်အမြန်ဆုံးဖြစ်ကြောင်း တင်ပြလိုပါတယ်။ လက်ရှိ ဆက်သွယ်ရေးတာဝါတိုင်များမှာ လေရှီးမြို့နယ်တွင် (၃)တိုင်၊ နန်းယွန်းမြို့နယ်၊ လဟယ်မြို့နယ်တွင် (၂)တိုင်၊ တုံကင်းမြို့နယ်တွင် (၁)တိုင်ရှိ၍ နန်းယွန်းမြို့နယ် ထန်ဆောင်မြို့များတွင် CDMA 450 သာရှိကြောင်း တင်ပြလိုပါတယ်။ လေရှီးမြို့နှင့် လဟယ်မြို့နယ်နဲ့ မြို့နယ်ချင်းဆက် လမ်းဖောက်လုပ်ရာတွင် အနည်းဆုံးမိုင် (၁၀၀)ရှိပြီး ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် (၆)မိုင်ဖောက်လုပ်ရန် စီမံထားကြောင်း တွေ့ရှိရပါတယ်။ နောက်ထပ် နှစ်ပေါင်းများစွာ ဖောက်လုပ်ရဦးမည်ဟု ယူဆရပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၏ သတ်မှတ်မူဘောင်များအတိုင်း ဆောင်ရွက်မည်ဆိုပါက မည်သည့်အချိန်မှ ရရှိနိုင်မည်မဟုတ်ပါ။ စီးပွားရေးကို အခြေမခံခြင်း၊ လူဦးရေကိုအခြေမခံခြင်းတို့ကြောင့် ဝန်ကြီးဌာန၏ မူဘောင်များကို ဖြေလျှော့၍ ဆောင်ရွက်ပေးမှသာလျှင် နာဂဒေသမှ လူထုများ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေး ကိစ္စရပ်များ အဆင်ပြေနိုင်မှာ ဖြစ်ပါတယ်။ ဥပမာ ကျန်းမာရေးကိစ္စကို တင်ပြရလျှင် ၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ဖြစ်ပွားခဲ့သော ရောဂါကြောင့် တစ်လအတွင်း လဟယ်မြို့နယ်၊ ထန်ဆိုလမ်းမှားဒေသနှင့် နန်းယွန်း

မြို့နယ်တို့သည် လူပေါင်း(၆၀)ကျော် သေဆုံးရခြင်းမှာ လမ်းလုံးဝမရှိကြောင်းနှင့် ဆက်သွယ်ရေး လုံးဝမရှိသောကြောင့် မသေသင့်ဘဲ သေဆုံးရကြောင်းတင်ပြလိုပါတယ်။ နာဂဒေသတွင် ဆက်သွယ်ရေးတာဝါတိုင်များ ဆက်သွယ်ရာတွင် လုံခြုံရေးကင်းရှင်းပါကြောင်းနဲ့ မြေနေရာများကို စိတ်တိုင်းကျ ဆောင်ရွက်နိုင်ပါကြောင်းလည်း တင်ပြလိုပါတယ်။

ယနေ့အထိ လဟယ်မြို့နယ်နှင့် နန်းယွန်းမြို့နယ်များသည် မြို့ပေါ်တွင်သာ ဖုန်းပြောဆိုနိုင်ကြောင်း နာဂဒေသရှိ ဒေသခံပြည်သူများနှင့် နိုင်ငံ့ဝန်ထမ်းများအတွက်လည်း အဆင်ပြေနိုင်ရန် ယနေ့အချိန် ယနေ့အချို့မြို့နယ်များတွင် 4G ရရှိနေသာအချိန်တွင် 3G အဆင့် ဆက်သွယ်ရေးတာဝါတိုင်များကို ဆောင်ရွက်ပေးသင့်ကြောင်း တင်ပြလိုပါတယ်။

သို့ဖြစ်ပါ၍ လက်ရှိဆက်သွယ်ရေးတာဝါတိုင်များနှင့် ဆက်သွယ်ချိတ်ဆက်မှု ရရှိနိုင်ရန် လေရှီးမြို့နယ် ရန်နွေးကျေးရွာတွင် (၁)တိုင်၊ ဂျီလာကျေးရွာတွင် (၁)တိုင်၊ လဟယ်မြို့နယ်တွင် ထင်ညိုတောင်ကျေးရွာတွင် (၁)တိုင်၊ မကျန်ကျေးရွာတွင် (၁)တိုင်၊ နောင်ညိုကျေးရွာတွင်(၁)တိုင်၊ နန်းယွန်းမြို့နယ် မြို့ပေါ်တွင်(၁)တိုင်၊ ဖန်ဆောင်မြို့နယ် မြို့ပေါ်တွင်(၁)တိုင်၊ တံခါးကျေးရွာတွင် (၁)တိုင်၊ ရန်းနော်နောင်ညိုတွင် (၁)တိုင်၊ 3G အဆင့် ဆက်သွယ်ရေး တာဝါတိုင်များ စိုက်ထူပေးရန် အစီအစဉ်ရှိ/မရှိ ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၀း၅၆။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများနဲ့ ပတ်သက်ပြီး ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး က တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၅၆။**

**ဦးကျော်မျိုး(ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ ဧည့်သည်တော်များ အားလုံးမင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။

ရှေးဦးစွာ မွန်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၆)၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဖေတင် ယာဉ်တိုက်မှုများ တစ်နှစ်ထက်တစ်နှစ် ပိုမိုများပြားလာခြင်း၊ အသေအပျောက် တိုးပွားလာခြင်းသည် ယာဉ်စည်းကမ်း လမ်းစည်းကမ်း မလိုက်နာခြင်းနှင့်အတူ ယာဉ်လိုင်စင်ချပေးမှုတို့တွင်လည်း ဆက်စပ်တာဝန်ရှိပါသဖြင့် တင်းကြပ်တိကျသည့် စည်းကမ်းသတ်မှတ်ချက်များဖြင့် ပြုပြင်ကိုင်တွယ်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ ပတ်သက်တဲ့ ကြယ်ပွင့်ပြမေးခွန်းကို ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ကျွန်တော် ဦးကျော်မျိုး မှ ဖြေကြားမှာ ဖြစ်ပါတယ်။ ယာဉ်မောင်းလိုင်စင်ချထားပေးမှုနှင့် ပတ်သက်၍ ရှေးဦးစွာရှင်းလင်းဖြေကြားခွင့်ပြုပါခင်ဗျား။ ပို့ဆောင်ရေးနှင့်

ဆက်သွယ်ရေးဝန်ကြီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနအနေနဲ့ ယာဉ်မောင်းလိုင်စင် လျှောက်ထားလာတဲ့သူတွေကို စစ်ဆေးတဲ့ နည်းလမ်းများကို အမိန့်၊ ညွှန်ကြားချက်များ ထုတ်ပြန် သတ်မှတ်ပြီး အဲဒီသတ်မှတ်ချက် များနဲ့အညီ စိစစ်ဆောင်ရွက်လျက်ရှိပါတယ်။

ယာဉ်မောင်းလိုင်စင်လျှောက်ထားတဲ့လူတွေကို အရင်ကအရောင် ခွဲခြားစစ်ဆေးခြင်း၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ ရေးဖြေစေပြီး စစ်ဆေးအမှတ်ပေးခြင်းနဲ့ အောင်မြင်တဲ့ သူတွေကိုသာ လက်တွေ့ယာဉ်မောင်းနှင်မှု စစ်ဆေးခြင်းတို့ကိုသာ ပြုလုပ်ပြီး အောင်မြင်ပါက ယာဉ်မောင်းလိုင်စင် ထုတ်ပေးခဲ့သော်လည်း ၂၀၁၄ ခုနှစ်၊ ဧပြီလမှစတင်၍ နိုင်ငံတကာမှာ စစ်ဆေး လျက်ရှိတဲ့နည်းတူ အရောင်ခွဲခြားစစ်ဆေးခြင်းနဲ့ အမြင်အာရုံစစ်ဆေးခြင်း၊ ကိုယ်လက်အင်္ဂါ သန်စွမ်းမှု စစ်ဆေးခြင်း၊ Psychological Test နဲ့ စိတ်အခြေအနေကို ဆန်းစစ်ခြင်း၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း စစ်ဆေးခြင်းနှင့် လက်တွေ့ယာဉ်မောင်းစစ်ဆေးခြင်းတို့ကို ဆောင်ရွက်ပြီး အောင်မြင်သူ များကိုသာ ယာဉ်မောင်းလိုင်စင် ထုတ်ပေးလျက်ရှိပါတယ်။

အဲဒီ စစ်ဆေးမှုတွေနဲ့ Psychological Test နဲ့ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း စစ်ဆေးခြင်းတို့ကို ၂၀၁၅ ခုနှစ်၊ မေလမှစပြီးတော့ ကွန်ပျူတာစနစ်နဲ့စစ်ဆေးလျက်ရှိပြီး ကွန်ပျူတာ စနစ်နဲ့ပဲ အအောင်/အရှုံးကို ပွင့်လင်းမြင်သာစွာ ထုတ်ပြန်လျက်ရှိပါတယ်။ အဲဒီအပြင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းမေးခွန်းများဟာလည်း အာရှနိုင်ငံများမှာ အသုံးပြုလျက်ရှိတဲ့ မေးခွန်းတွေကို လေ့လာပြီး မိမိနိုင်ငံနဲ့ ကိုက်ညီတဲ့ မေးခွန်းများ ပြုစုထားခြင်း ဖြစ်ပါတယ်။ မေးခွန်း(၁)စုံမှာ မေးခွန်း (၅၀) ပါရှိတဲ့ မေးခွန်းလွှာ (၅)စုံ ပေးထားပြီး၊ အဲဒီမေးခွန်းလွှာ (၅)စုံမှာ အလှည့်ကျ မေးခွန်းတစ်စုံကို ဖြေဆိုစေခြင်း၊ ဒါမှမဟုတ် မေးခွန်းလွှာ (၅)စုံကနေပြီး မေးခွန်းအခု (၅၀)ကို ရွေးပြီးတော့ မေးခွန်းအသစ် တစ်စုံကူး၍ စစ်ဆေးခြင်းများ ဆောင်ရွက်လျက်ရှိပြီး မေးခွန်း(၅၀)အနက် အခု (၄၀)ကို အမှန်ဖြေဆို နိုင်မှသာ အအောင်ပေးပြီး စစ်ဆေးလျက်ရှိပါတယ်။ အဲဒီလို စစ်ဆေးတဲ့နေရာမှာလည်း တစ်ပြိုင်နက် ဖြေဆိုပြီး တစ်ဦးနှင့်တစ်ဦး မေးခွန်းလွှာမတူညီအောင် ကြပ်မတ်ဆောင်ရွက်လျက်ရှိပါတယ်။

အဲဒီလို ယာဉ်မောင်းလိုင်စင်များ စစ်ဆေးမှုများကို စနစ်တကျဆောင်ရွက်နေသလို ယာဉ်မောင်းသူနဲ့ လမ်းအသုံးပြုသူတွေ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းသိရှိလိုက်နာစေရေးအတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးဟောပြောမှုများကို ကျေးရွာများအထိ ကွင်းဆင်း ဆောင်ရွက်ပေးလျက် ရှိပါတယ်။ ယာဉ်တိုက်မှုများ ပိုမိုများပြားလာခြင်းနှင့် ပတ်သက်ပြီးတော့ လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြသွားသလိုပဲ မြန်မာနိုင်ငံမှာ ယာဉ်တိုက်မှုကြောင့် သေဆုံးဒဏ်ရာ ရမှုနှုန်းတွေဟာ မြင့်မားခဲ့ပါတယ်။ WHO ရဲ့ Global Status Report On Road Safety (2015)အရ အာဆီယံနိုင်ငံများ၏ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်များကြောင့် သေဆုံးဒဏ်ရာရမှု နှုန်းများကို နှိုင်းယှဉ်သုံးသပ်ပါက ထိုင်း၊ ဗီယက်နမ်၊ မလေးရှားနိုင်ငံတို့နောက်မှာ မြန်မာနိုင်ငံဟာ စတုတ္ထအများဆုံး ဖြစ်နေတာကို တွေ့ရှိရပါတယ်။

အဲဒါကြောင့် မြန်မာနိုင်ငံမှာ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးလုပ်ငန်းစဉ် များကို ဦးစီးဆောင်ရွက်နိုင်ဖို့ ဒုတိယသမ္မတ(၂) ဥက္ကဋ္ဌအဖြစ် ဦးဆောင်တဲ့ အမျိုးသား ယာဉ်

အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးကောင်စီ (National Road Safety Council -NRSC) ကို ၂၀၁၆ ခုနှစ်၊ မေလ (၃၁)ရက်နေ့မှာ ဖွဲ့စည်းခဲ့တယ်။ အဲဒီလို ဖွဲ့စည်းတဲ့နေရာမှာ ကျွန်တော်တို့ ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီး၊ ပြည်နယ်ဝန်ကြီးချုပ်များ၊ နေပြည်တော်၊ ရန်ကုန်၊ မန္တလေး၊ မြို့တော်ဝန်များက အဖွဲ့ဝင်များအဖြစ် ပါဝင်ပါတယ်။ အဲဒီ NRSC ကောင်စီကနေပြီးတော့ ရည်မှန်းချက် (၅)ရပ်ချမှတ်လျက် လုပ်ငန်းကဏ္ဍ(၁၂)ခု၊ လုပ်ငန်းစဉ် (၁၀၀) ချက်ပါဝင်တဲ့ မြန်မာနိုင်ငံ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးလုပ်ငန်း စီမံချက် ၂၀၁၄-၂၀၂၀ ကို အကောင်အထည် ဖော် ဆောင်ရွက်လျက်ရှိပါတယ်။

အဲဒီကောင်စီရဲ့ ရည်မှန်းချက်(၅)ရပ်ကတော့ နှစ်စဉ်လူသေဆုံးမှုကို စီမံချက်ကာလအတွင်း (၅၀) ရာခိုင်နှုန်းလျှော့ချစေခြင်းဖြင့် လူ့အသက်ပေါင်းများစွာကို ကယ်တင်ရန် ၂၀၁၃ ခုနှစ်တုန်းက မော်တော်ယာဉ်စီးရေ (၁၀၀၀၀)တွင် လူ (၉.၂၆)ဦး လူသေဆုံးခဲ့တဲ့ နှုန်းကနေပြီးတော့ ၂၀၂၀ ခုနှစ်မှာ သေဆုံးမှုနှုန်းကို (၅၀) ရာခိုင်နှုန်းလျှော့ချရန်၊ တစ်ပြည်လုံးမှာ မော်တော်ဆိုင်ကယ်စီးနင်းသူအားလုံး မော်တော်ဆိုင်ကယ်စီး ဦးထုပ်ဆောင်းရန်၊ တစ်ပြည်လုံးမှာ မော်တော်ဆိုင်ကယ်အသုံးပြုသူ အနည်းဆုံး (၇၀)ရာခိုင်နှုန်း အသက်ကယ်ခါးပတ် ပတ်စေရန်နှင့် ယာဉ်မောင်းလိုင်စင်မဲ့ မောင်းနှင်မှုများ ပပျောက်စေရန်တို့ ဖြစ်ပါတယ်။ အဲဒီ ရည်မှန်းချက်တွေကို ထိထိရောက်ရောက် အကောင်အထည်ဖော် သွားနိုင်ဖို့အတွက်လည်း ကျွန်တော်တို့ တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် ကျွန်တော်တို့ ယာဉ် စည်းကမ်း၊ လမ်းစည်းကမ်းကင်းရှင်းရေး ကောင်စီတွေကို ဖွဲ့စည်းထားပြီး ဖြစ်ပါတယ်။

ပို့ဆောင်ရေးနဲ့ ဆက်သွယ်ရေးဝန်ကြီးဌာနနဲ့ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန တို့အနေနဲ့ NRSC ရဲ့ ဦးဆောင်မှုနဲ့ သက်ဆိုင်ရာဌာနအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အသင်းအဖွဲ့များနဲ့ ကမ္ဘာ့ကုလသမဂ္ဂအထွေထွေအတွင်းရေးမှုးချုပ်ရဲ့ Road Safety ဆိုင်ရာ အထူးသံတမန် WHO,ADB, Suu Foundation ကဲ့သို့သော နိုင်ငံတကာ အဖွဲ့အစည်းများနဲ့ လည်းပူးပေါင်းပြီး ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်လျှော့ချရေးအတွက် ကာလတိုလုပ်ငန်းစီမံချက် (၅) ရပ်ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ အဲဒီလုပ်ငန်းစီမံချက်(၅)ရပ်ကတော့ မော်တော်ယာဉ်မောင်းသူနဲ့ လိုက်ပါစီးနင်းသူတွေ၊ Seat belt ပတ်စေရေး၊ မော်တော်ဆိုင်ကယ် စီးနင်းသူတွေ ဆိုင်ကယ်စီးဦးထုပ်များ ဝတ်ဆင်မောင်းနှင်စေရေး၊ အရက်သေစာသောက်စားပြီး မော်တော်ယာဉ်မောင်းနှင်ခြင်း မရှိစေရေး၊ မော်တော်ယာဉ်မောင်းနှင်သူတွေ လက်ကိုင်ဖုန်း အသုံးမပြု ရေးနဲ့ မော်တော်ယာဉ်မောင်းနှင်ရာမှာ သတ်မှတ်ထားတဲ့ အမြန်နှုန်းထက်ပို၍ မောင်းနှင်မှု မရှိစေရေး တို့ ဖြစ်ပါတယ်။

ဖော်ပြပါ လုပ်ငန်းစီမံချက်များ အကောင်အထည်ဖော် ဆောင်ရွက်တဲ့နေရာမှာ မော်တော် ဆိုင်ကယ်ရောင်းချသူတွေကို မော်တော်ဆိုင်ကယ်တစ်စီးရောင်းတိုင်း မော်တော်ဆိုင်ကယ်စီး ဦးထုပ် နှစ်လုံး တစ်ပါတည်းပေးစေခြင်း၊ အရက်သေစာသောက်စားပြီး မော်တော်ယာဉ်မောင်းနှင်ခွင့် ရှိ/မရှိ ကိုလည်း Alcohol Tester များဖြင့် စစ်ဆေးပြီး အရေးယူခြင်း၊ မော်တော်ယာဉ်မောင်းနှင်နေစဉ် ထိုင်ခုံခါးပတ် Seat belt ဝတ်ဆင်ထားမှုမရှိခြင်းများကို စစ်ဆေးအရေးယူမှုများကို ဆောင်ရွက်လျက် ရှိပါတယ်။ အဲဒီလို ဆောင်ရွက်နေတာတွေကြောင့် ၂၀၁၅ ခုနှစ်မှာ မော်တော်ယာဉ်အစီးရေ (၁၀၀၀၀)

လျှင် သေဆုံးမှုနှုန်း (၈.၁၂) ရှိခဲ့ရာမှ ၂၀၁၆ ခုနှစ်မှာ မော်တော်ယာဉ်အစီးရေ(၁၀၀၀၀)လျှင် သေဆုံးမှုနှုန်း (၇.၉၈)သို့ လျော့နည်းကျဆင်းခဲ့ပါတယ်။ မော်တော်ယာဉ်များ သတ်မှတ်အရှိန်နှုန်း အတိုင်း မောင်းနှင်စေရေးအတွက် ပညာပေးကာလ သတ်မှတ်ခဲ့ပြီး ၁-၈-၂၀၁၇ ရက်နေ့မှစပြီးတော့ အရေးယူသွားမှာ ဖြစ်ပါတယ်။ ထို့အပြင် ယာဉ်မောင်းတွေအနေနဲ့ မော်တော်ယာဉ်ကျော်တက်တဲ့ အခါမှာ အချက်ပြမီး မှားယွင်းအသုံးပြုနေတာကို တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ အမှန်ဖြစ်စေရန် ပညာပေးကာလ သတ်မှတ်ခဲ့ပြီး ၁-၉-၂၀၁၇ ရက်နေ့မှစ၍ အရေးယူဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ပို့ဆောင်ရေးနဲ့ ဆက်သွယ်ရေးဝန်ကြီးဌာနအနေနဲ့ အမျိုးသားယဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီရဲ့ ဦးဆောင်မှုနဲ့ ယာဉ်တိုက်မှုများကြောင့် ထိခိုက်၊ သေဆုံး၊ ဒဏ်ရာရရှိမှု အရေအတွက်ကို လျှော့ချနိုင်ရန်၊ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ ကိစ္စရပ်များကို အားသွန်ခွန်စိုက် အလေးထားကြိုးပမ်း ဆောင်ရွက်လျက်ရှိသကဲ့သို့ ယာဉ်မောင်း လိုင်စင်နဲ့ ပတ်သက်၍ စစ်ဆေးမှုများကိုလည်း စနစ်တကျ စည်းကမ်းသတ်မှတ် ဆောင်ရွက်ပေး လျက်ရှိပါကြောင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့တကွ လွှတ်တော်ကိုယ်စားလှယ်ကြီးများ ခင်ဗျား။ ဆက်လက်၍ စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ မဲဆန္ဒနယ် အမှတ်(၁၂) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမင်းနိုင် ၏ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ လေရှီးမြို့နယ်၊ လဟယ်မြို့နယ်နှင့် နန်းယွန်းမြို့နယ်များတွင် MPT 3G ဆက်သွယ်ရေး တာဝါတိုင်များ ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ ကြယ်ပွင့်ပြမေးခွန်းကို ကျွန်တော်ကပဲ ဆက်လက် ဖြေကြားသွားမှာ ဖြစ်ပါတယ်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအနေနဲ့ လေရှီးမြို့နယ်မှာ GSM 3G မိုဘိုင်းဆက်သွယ်ရေး စခန်းများကို လေရှီးမြို့ပေါ်၌ ၃၀-၄-၂၀၁၈ ရက်နေ့တွင် လည်းကောင်း၊ ဆွမ္မရာ ၃၀-၁-၂၀၁၇ ရက်နေ့တွင် လည်းကောင်း၊ VSAT စနစ်အသုံးပြု၍ ဖွင့်လှစ်ခဲ့ပြီး မိုဘိုင်းဆက်သွယ်ရေး ဝန်ဆောင်မှု လုပ်ငန်းများ ဆောင်ရွက်ပေးလျက် ရှိပါတယ်။ ထို့အတူ လဟယ်မြို့နယ်အတွင်း လဟယ် မြို့ပေါ်ရှိ GSM မိုဘိုင်းဆက်သွယ်ရေး စခန်းကို 2G စနစ်မှ 3G စနစ်သို့ အဆင့်တိုးမြှင့်ပေးနိုင်ရေး အတွက် IP Star စနစ်မှ VSAT စနစ်သို့ ပြောင်းလဲတပ်ဆင်ခြင်း လုပ်ငန်းများ ဆောင်ရွက်ပြီးခဲ့ရာ ၂၆-၁-၂၀၁၇ ရက်နေ့တွင် လည်းကောင်း၊ ထန်ပါခွေမှာ GSM 3G မိုဘိုင်း ဆက်သွယ်ရေး စခန်းကို VSAT စနစ်သုံး၍ ၂၀-၂-၂၀၁၇ ရက်နေ့ရက်နေ့မှာ လည်းကောင်း အသီးသီးဖွင့်လှစ်ပေးခဲ့ပြီး ဖြစ်ပါတယ်။

နန်းယွန်းမြို့နယ်မှာတော့ GSM 3G မိုဘိုင်းဆက်သွယ်ရေး စခန်းများကို နန်းယွန်း-ရှင်ဗွေယန်လမ်း၊ နန်းယွန်းမြို့မှ (၂၅)မိုင်ခန့်၊ ရှင်ဗွေယန်မှ (၉)မိုင်ခန့်အကွာရှိ ဘုန်းကြီးကျောင်း အနီးမှာ ၁၇-၁၁-၂၀၁၆ ရက်နေ့တွင် လည်းကောင်း၊ နန်းယွန်း၊ ရှင်ဗွေယန်၊ နန်းယွန်းမြို့ မှ (၁၁)မိုင် ခန့်အကွာမှာ ၉-၃-၂၀၁၇ ရက်နေ့တွင်လည်းကောင်း၊ ဒုံဟီးတွင် GSM 3G မိုဘိုင်း ဆက်သွယ်ရေး စခန်းကို VSAT စနစ်အသုံးပြု၍ ၂၄-၂-၂၀၁၇ ရက်နေ့တွင်လည်းကောင်း အသီးသီးဖွင့်လှစ်ပေးခဲ့ပြီး မိုဘိုင်းဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက် ရှိပါ တယ်။ နန်းယွန်းမြို့ပေါ်တွင်

လက်ရှိ CDMA (450)စခန်းမှာ အသုံးပြုနေတဲ့ ကြိုးဆိုင်းတာဝါရဲ့ ကြံ့ခိုင်မှုအခြေအနေအရ GSM စနစ် စက်ပစ္စည်းများ ထပ်မံတပ်ဆင်လို့ မရနိုင်တဲ့အတွက် တာဝါလဲလှယ်ခြင်း လုပ်ငန်းကိုပါ ဆောင်ရွက်ရမှာ ဖြစ်တာကြောင့် ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလကုန်ခန့်မှသာ ပြီးစီးနိုင်မှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ နိုင်ငံတစ်ဝန်းလုံးရှိ မြို့ပြနဲ့ ကျေးလက်ဒေသများမှာ ဆက်သွယ်ရေးကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်စေရန် အတွက် မိုဘိုင်းဆက်သွယ်ရေးစခန်းများ တည်ဆောက်ပေးလျက် ရှိပေမယ့်လည်း အဲဒီစခန်းတွေ တည်ဆောက်တဲ့နေရာမှာ နည်းပညာပိုင်းဆိုင်ရာအရ ဆောင်ရွက်ပေးနိုင်မှုအခြေအနေ၊ ဒေသအလိုက် ဆက်သွယ်ရေးကဏ္ဍ လိုအပ်မှုအခြေအနေ၊ မြေပြင်အနေအထား၊ ရာသီဥတုအနေအထား၊ ရင်းနှီးမြှုပ်နှံမှု ကုန်ကျစရိတ်နဲ့ ပြန်လည်ရရှိနိုင်မယ့် ဝင်ငွေတို့ကို ထည့်သွင်းတွက်ချက်ပြီး ဆောင်ရွက်ရခြင်း၊ ဆက်စပ် နေတဲ့ အဝေးဆက်သွယ်ရေး ဆက်ကြောင်းများ တည်ဆောက်ရခြင်း စတာတွေအပေါ် မူတည်ပြီး ဆက်သွယ်မှုကွန်ရက် ဖြန့်ကျက်ပေးနိုင်မှုနဲ့ ဒေသခံပြည်သူလူထုအပေါ် အကျိုးသက်ရောက်မှုတို့ကို တွက်ချက်ပြီး မိုဘိုင်းဆက်သွယ်ရေးစခန်းတွေကို တည်ဆောက်ပေးလျက်ရှိပါတယ်။ လက်ရှိ လွှတ်တော် ကိုယ်စားလှယ်ကြီး တင်ပြထားတဲ့ ဒီတာဝါတည်ဆောက်ပေးလိုတဲ့ တည်နေရာတွေကို Power Point ဖြင့် တင်ပြခွင့် ပြုပါခင်ဗျား။ ပုံမှာပြထားတဲ့အတိုင်း လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြထားတဲ့ လေရှိုးမြို့နယ်(ကျွန်တော်တို့ ဒီမှာ စာလုံးလေးတွေက ဖတ်လို့မရလို့) ကျွန်တော်တို့ ပင်အပ်အဝါလေး တွေနဲ့ စိုက်ပြထားတဲ့နေရာက ခုနတင်ပြထားတဲ့ GSM မိုဘိုင်းဆက်သွယ်ရေးစခန်းတွေ ဖွင့်လှစ်ပြီးတဲ့ နေရာဖြစ်ပြီးတော့ ကျွန်တော်တို့ အဝါဝိုင်းထားတဲ့ အရာတွေကတော့ လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြတဲ့ တည်နေရာတွေဖြစ်တယ်။

ပြီးတော့ ခုနတင်ပြသွားသလို ကျွန်တော်တို့ အကြောင်းကြောင်းကြောင့် တစ်နိုင်ငံလုံး အနေနဲ့တွက်ချက်ပြီး မိုဘိုင်းဆက်သွယ်ရေးစခန်းတွေ တည်ဆောက်ပေးလျက်ရှိတာ ဖြစ်ပေမယ့်လည်း ကျွန်တော်တို့ ပို့ဆောင်ရေးနဲ့ ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနအနေနဲ့ တင်ပြပါ နေရာများကဲ့သို့ ဝေးလံခေါင်သီတဲ့ ဒေသများ၊ လူဦးရေနည်းပါးသော ဒေသများတွင်လည်း လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြသွားသလိုပဲ စီးပွားရေးနဲ့ လူဦးရေတို့ကို အခြေမခံဘဲနဲ့ ကျွန်တော်တို့ အများပြည်သူတွေ ဝေးလံခေါင်သီတဲ့နေရာမှာ သုံးနိုင်ဖို့အတွက်ကို ကျွန်တော်တို့ ပြည်သူလူထုအနေနဲ့ ဆက်သွယ်ရေးဝန်ဆောင်မှုများ ရရှိခံစားနိုင်ရေးအတွက် ဆက်သွယ်ရေးကွန်ရက် များ တိုးချဲ့တည်ဆောက်သွားရန် ဆက်သွယ်ရေးအော်ပရေတာများမှ ထည့်ဝင်ငွေဖြင့် Universal Service Fund ခေါ်တဲ့ ရန်ပုံငွေတစ်ရပ် တည်ထောင်ရန် စီစဉ်ဆောင်ရွက်နေတာကြောင့် ရရှိနိုင်မယ့် အဲဒီရန်ပုံငွေ တည်ထောင်ပြီးတဲ့ အခြေအနေပေါ်မူတည်ပြီး တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဦးစားပေး အဆင့်အလိုက် ညှိနှိုင်းဆောင်ရွက်ပေးသွားမှာဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၁း၀၈။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အစည်းအဝေးကို (၂၀) မိနစ်ခန့် ခေတ္တရပ်နားပါမယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[အစည်းအဝေးကို ၁၁း၀၈ နာရီအချိန်တွင် ခေတ္တရပ်နားပြီး ၁၁း၃၀ နာရီအချိန်တွင် ပြန်လည် ကျင်းပပါသည်။]

**အချိန်၊ ၁၁း၃၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည် စတင်ပါတော့မယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## ၂၀၁၇ ခုနှစ်၊ မြန်မာ့ကျောက်မျက်ရတနာ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း

**အချိန်၊ ၁၁း၃၄။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၆) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ၂၀၁၇ ခုနှစ်၊ မြန်မာ့ကျောက်မျက်ရတနာ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဆွေးနွေးရန် လွှတ်တော်ကိုယ်စားလှယ်ငါးဦး အမည်စာရင်း တင်သွင်းထားပါတယ်။

ပထမဦးစွာ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးထွန်းထွန်းဦး ဆွေးနွေး နိုင်ပါပြီ။

**အချိန်၊ ၁၁း၃၄။**

**ဦးထွန်းထွန်းဦး၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)။** ။ လေးစားရပါသော ဥက္ကဋ္ဌကြီးနဲ့တကွ အားလုံးပဲမင်္ဂလာပါခင်ဗျား။ ကျွန်တော်က ဒီ ၂၀၁၇ ခုနှစ်၊ မြန်မာ့ကျောက်မျက် ရတနာဥပဒေကြမ်းကို ရေးဆွဲတင်သွင်းတဲ့ အမျိုးသားလွှတ်တော်၊ သယံဇာတနဲ့ ပတ်ဝန်းကျင် ထိန်းသိမ်းရေးကော်မတီဝင် ဦးထွန်းထွန်းဦး ဖြစ်ပါတယ်။ ကျွန်တော် ဆွေးနွေးမှာကတော့ ဒီ ဥပဒေ ပုဒ်မ ၁၀(က)နဲ့ ၁၀(ဂ) နောက် ဥပဒေကြမ်းတစ်ခုလုံးကို ခြုံငုံဆွေးနွေးချက်တို့ ဖြစ်ပါတယ်။ Power Point အသုံးပြု ခွင့်ပေးပါရန် ပန်ကြားအပ်ပါတယ်။

ပုဒ်မ ၁၀(က) အလတ်စား တူးဖော်ထုတ်လုပ်ခြင်း လုပ်ကိုင်ခွင့်ပြုဖို့ ယှဉ်ပြိုင်အဆိုပြုလွှာ တင်သွင်းခြင်းများ ပေါ်ပေါက်တဲ့အခါမှာ ဥပဒေကြမ်းကော်မတီရဲ့ အဆိုပြုတင်ပြချက်ဖြစ်တဲ့ ဒေသခံကို ဒုတိယဦးစားပေးအဖြစ်လည်းကောင်း၊ လက်ရှိလက်ငုတ် တူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်း လုပ်ကိုင်ခဲ့သူကို တတိယဦးစားပေးအဖြစ် လည်းကောင်း ရွေးချယ်ရမည်။ ဤသို့ ရွေးချယ်ရာတွင် တတိယဦးစားပေးအချင်းချင်း တူညီနေပါက ဆိုတဲ့စာသားနေရာမှာ ဖော်ပြပါ ပထမဦးစားပေးအချင်းချင်း တူညီနေပါက လက်ရှိလက်ငုတ် တူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်း လုပ်ကိုင်ခဲ့သူကို ဒုတိယဦးစားပေးအဖြစ်လည်းကောင်း၊ ဒေသခံကို တတိယဦးစားပေးအဖြစ်လည်းကောင်း၊ အထက်ဖော်ပြပါ ဦးစားပေးအချက်များ တူညီနေပါကဆိုတဲ့ စာသားနဲ့ ပြင်ဆင်ပြောင်းလဲအစားထိုး ပြဋ္ဌာန်းစေချင်ပါတယ်။ ကျိုးကြောင်းဖော်ပြချက်အနေနဲ့ကတော့ ပထမဦးစားပေးဖြစ်တဲ့ လွန်ခဲ့သော တူးဖော်ထုတ်လုပ်သည့်ကာလက ဆောင်ရွက်မှုကောင်းသူဆိုတဲ့ ကျွန်တော်တို့ Past Performance ကောင်းတဲ့သူဟာ လက်ရှိလက်ငုတ်လုပ်ငန်းကိုလည်း လုပ်ကိုင်နေတဲ့ သူတွေချည်းဖြစ်တဲ့အတွက် လက်ရှိလက်ငုတ် လုပ်သူဟာ ဒုတိယဦးစားပေးပဲ တွဲလျက်ဖြစ်ရမှာမို့လို့ပါ။ တတိယဦးစားပေးအချင်းချင်း တူညီနေပါက ဆိုတဲ့စာသားနေရာမှာ အကယ်၍ အထက်ဖော်ပြပါ ဦးစားပေးအချက်များ တူညီနေပါက ဆိုတဲ့ စာသားနဲ့ ပြင်ဆင်ပြောင်းလဲလိုတာကလည်း ကျွန်တော်တို့ ဦးစားပေးအချက်အားလုံးကို ခြုံငုံမိ သွားသလို ပိုမိုရှင်းလင်း လွယ်ကူသိရှိသွားစေနိုင်အောင်လို့ ဖြစ်ပါတယ်။ ပုဒ်မ ၁၀(ဂ)မှာလည်း အသေးစားနဲ့ လက်လုပ်လက်စား တူးဖော်ထုတ်လုပ်ခြင်းတွေအတွက်လည်း ဒီအတိုင်းပဲ ဖြစ်ပါတယ်။


လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ နောက်ဆုံးဆွေးနွေးလိုတဲ့အချက်ကတော့ ဒီမူလမြန်မာ့ကျောက်မျက်ရတနာဥပဒေဟာ ၁၉၉၅ ခုနှစ်က န.ဝ.တ အစိုးရက ပြဋ္ဌာန်းခဲ့တာပါ။ ၂၀၀၃ ခုနှစ်မှာ န.အ.ဖ အစိုးရက ပထမအကြိမ်ပြင်ဆင်ခဲ့ပါတယ်။ တစ်ခါပြီးခဲ့တဲ့ အစိုးရလက်ထက် ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၂၉ ရက်နေ့မှာ ဒုတိယအကြိမ် ပြင်ဆင်ပြီးတော့ ပြဋ္ဌာန်းသွားခဲ့တာပါ။ ကျွန်တော်တို့ လွှတ်တော်လွှဲပြောင်းကာနီးလေးမှာ ကပ်ပြီးတော့ ပြဋ္ဌာန်းသွားခဲ့တာပါ။ အဲဒီ ဒုတိယအကြိမ် ပြင်ဆင်တဲ့ဥပဒေမှာ အကြီးစားတူးဖော်ထုတ်လုပ်ခွင့်တွေ ပါလာပါတယ်။ တစ်ကြိမ်လုပ်ခွင့်သက်တမ်း(၁၀)နှစ်နဲ့ လုပ်ကွက်ဧရိယာကိုလည်း အများအပြားခွင့်ပြုပေးနိုင်တဲ့ အချက်တွေ ပါလာပါတယ်။ အဲဒီ ဥပဒေအရပဲ အရင်အစိုးရက သူ့လက်ကျန်သက်တမ်း(၂)လလောက်အတွင်းမှာ အာဏာရှိသူတွေရဲ့ အဆက်အနွယ် အစွယ်အပွားတွေ၊ အာဏာကပ်ပါး စီးပွားရေးလောဘ ခရိုနီကုမ္ပဏီကြီးတွေကို အတိုင်းအဆမျှားစွာနဲ့ အကြီးစား တူးဖော်ထုတ်လုပ်ခွင့်တွေကို ဖောဖောသီသီပေးခဲ့တဲ့အတွက် ယနေ့တိုင်းပြည်ဟာ ဒီအခြေအနေကို ဆိုက်ရောက်နေပါတယ်။ ပုံတွင်ကြည့်ပါ။ အဲဒီကုမ္ပဏီကြီးတွေဟာ ကြီးမားများပြားလှတဲ့ စက်ယန္တရားကြီးတွေ အသုံးပြုပြီးတော့ ဧရိယာအများကြီးကို စည်းမဲ့ကမ်းမဲ့ မဟားတရားတူးဖော်ထုတ်လုပ်ကြတော့ နိုင်ငံရဲ့ ကျောက်ကြီးကျောက်ကောင်းထွက်တဲ့ ပင်ရင်းသိုက်တွေရဲ့ (၇၀)ရာခိုင်နှုန်းကလည်း ကုန်ဆုံးသွားခဲ့ပါပြီ။ တောတွေပြုန်း၊ တောင်တွေပျောက်ကုန်ပြီးတော့ သဘာဝပတ်ဝန်းကျင်ကိုလည်း ဆိုးရွားစွာ ထိခိုက်ပျက်စီးနေပါတယ်။

ဌာနေ ဒေသခံတိုင်းရင်းသားတွေရဲ့ ရေဦးရေထွက်တွေ ပျက်စီးတယ်။ ချောင်းတွေ တိမ်ကောပြီးတော့ ရေကြီးရေလျှံတဲ့ဒဏ်ကို ဒီနေ့အထိ နှစ်စဉ်ခံစားနေရပါတယ်။ ဒေသခံတိုင်းရင်းသား

တွေရဲ့ လူမှုစီးပွားဘဝကိုလည်း များစွာနိမ့်ပါးသွားစေပြီးတော့ ကုမ္ပဏီကြီးတွေက စွန့်ပစ်လိုက်တဲ့ မြေစာပုံကြီးတွေရဲ့အပေါ်မှာပဲ ရေမဆေးကျောက်ကလေးတွေရှာပြီး အသက်မွေးရတယ်။ စည်းကမ်းတကျ စုပုံမထားတဲ့ အဲဒီမြေစာပုံကြီးတွေ ပြိုကျတော့ အသက်တွေဆုံးရှုံးရတယ်။ တိုင်းပြည်အတွက် အလွန်ကို နစ်နာလှပါတယ်။ ဒါကြောင့် ကျွန်တော်တို့ အမျိုးသားလွှတ်တော်၊ သယံဇာတနဲ့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီဟာ အကြီးစားလုပ်ငန်းကြီးတွေကို လုံးဝတူးဖော်ထုတ်လုပ်ခွင့် ပေးမထားတဲ့ ဒီ ၂၀၁၇ ခုနှစ်၊ မြန်မာ့ကျောက်မျက်ရတနာဥပဒေကို နိုင်ငံတော်ရဲ့ အဖိုးတန်ကျောက်မျက်ရတနာများကို ထိန်းသိမ်းကာကွယ်ရေး၊ ဌာနေတိုင်းရင်းသားများရဲ့ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေး၊ သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းစောင့်ရှောက်နိုင်ရေးဆိုတဲ့ အချက်အပေါ်မှာ အဓိကအခြေခံထားပြီးတော့ တစ်နှစ်ကျော်ကြာ အချိန်ယူပြင်ဆင် ကြိုးစားရေးဆွဲတင်သွင်းခဲ့တာပါ။

　　　　လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အပေါင်းတို့ခင်ဗျား။ ကျွန်တော်တို့နိုင်ငံရဲ့ ဒီ ကျန်ကောင်းကျန်ရာ အဖိုးတန်ကျောက်မျက်ရတနာများကို အချိန်မီကာကွယ်ထိန်းသိမ်းနိုင်ဖို့အတွက် ဒီဥပဒေကြမ်းကို မြန်မြန်ဆန်ဆန် အတည်ပြုပေးနိုင်ဖို့ နိုင်ငံတော်နဲ့ ပြည်သူများရဲ့ အကျိုးကို ရှေးရှုပြီးတော့ အားလုံးက ဝိုင်းဝန်းကြိုးစားဆောင်ရွက်ပေးကြပါလို့ တိုက်တွန်းရင်းနိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

ကြီးမားများပြားလှသည့် စက်ယန္တရားကြီးများ အသုံးပြုပြီး စည်းမဲ့ကမ်းမဲ့ မဟားတရားတူးဖော် ထုတ်လုပ်နေသည့် မြင်ကွင်းပုံ (ဆဆ)



ကြီးမားများပြားလှသည့် စက်ယန္တရားကြီးများ အသုံးပြုပြီး စည်းမဲ့ကမ်းမဲ့ မဟားတရားတူးဖော် ထုတ်လုပ်နေသည့် မြင်ကွင်းပုံ (ဆဆ-၁)




ကြီးမားများပြားလှသည့် စက်ယန္တရားကြီးများ အသုံးပြုပြီး စည်းမဲ့ကမ်းမဲ့ မဟားတရားတူးဖော် ထုတ်လုပ်နေသည့် မြင်ကွင်းပုံ (ဆဆ-၂)



**အချိန်၊ ၁၁:၄၀။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါက်တာခင်မကြီး ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁:၄၀။**

**ဒေါက်တာခင်မကြီး၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)**။ ။ လေးစားရပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်ရှင်။ ကျွန်မကတော့ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါက်တာခင်မကြီး ဖြစ်ပါတယ်။ လေးစားရပါသော ဥက္ကဋ္ဌကြီးရှင်။ ၂၀၁၇ ခုနှစ်၊ မြန်မာ့ကျောက်မျက်ရတနာဥပဒေကြမ်း၊ အခန်း(၂) ဥပဒေ၏ရည်ရွယ်ချက်၊ အပိုဒ်(၃)၊ အပိုဒ်ခွဲ(ခ)၊ ဈေးကွက်စီးပွားရေးစနစ်နဲ့အညီ ကျောက်မျက်ရတနာ ထုတ်လုပ်ခြင်းနှင့် ရောင်းဝယ်ဖောက်ကားခြင်း လုပ်ငန်းများကို ခွင့်ပြုမိန့်နှင့် လိုင်စင်ရရှိသူများအား လွတ်လပ်စွာ လုပ်ကိုင်ခွင့်ပြုရန်၊ အပိုဒ်ခွဲ(ဂ) ကျောက်မျက်ရတနာနှင့်လက်ဝတ်ရတနာများကို အချိန်အခါမရွေး လွတ်လပ်စွာရောင်းဝယ် ဖောက်ကားနိုင်ရေးအတွက် ကျောက်မျက်ရတနာဈေးများ ဖွင့်လှစ်ထားရှိရန်၊ အပိုဒ်ခွဲ(ဃ) ကျောက်မျက်ရတနာများကို ပြည်တွင်း၌ တရားမဝင်ထုတ်လုပ်ခြင်းများ ပပျောက်စေပြီး၊ ပြည်ပသို့ တရားမဝင် ထုတ်ဆောင်ခြင်း၊ ရောင်းချခြင်းများကို ကာကွယ်တားဆီး နှိမ်နင်းရန်ဆိုတဲ့အချက်များကို ဆွေးနွေးလိုပါတယ်ရှင်။

လေးစားရပါသော ဥက္ကဋ္ဌကြီးရှင်။ ကျွန်မတို့ ကချင်ပြည်နယ်ဟာ ကမ္ဘာမှာ အကောင်းဆုံး အရည်အသွေးရှိတဲ့ ကျောက်စိမ်းရတနာနဲ့ ပယင်းရတနာများ ထွက်ရှိရာ ဒေသဖြစ်ပါတယ်။ ကချင်ပြည်နယ်က ဒေသခံတိုင်းရင်းသားပြည်သူများဟာ ဟိုးယခင် ဘိုးစဉ်ဘောင်ဆက်ကတည်းက တစ်ပိုင်တစ်နိုင် ကျောက်စိမ်းတူးဖော် ရောင်းချခြင်းနဲ့ အသက်မွေးဝမ်းကျောင်း ပြုခဲ့ကြပါတယ်။ ဒါပေမဲ့ ၁၉၉၅ ခုနှစ် နောက်ပိုင်း ကုမ္ပဏီကြီးများ၊ အသင်းအဖွဲ့များသာ တူးဖော်ခွင့်၊ အခွန်ဆောင်ပြီး သယ်ယူရောင်းချခွင့်ပေးပြီး၊ တစ်နိုင်တစ်ပိုင်တူးဖော်သူများကို လုပ်ကိုင်ခွင့်မပေးခဲ့ပါဘူး။ အိမ်တွင်းလက်မှု လုပ်ငန်းအနေနဲ့ ကျောက်သွေး၊ ကျောက်ဖြတ်လည်း မလုပ်ရတော့ပါဘူး။ အချောထည် လက်ဝတ်ရတနာများလည်း လုပ်ကိုင်ရောင်းဝယ်ခွင့်မရခဲ့ကြဘဲနဲ့ အရေးယူခံကြရ၊ ထောင်ကျခံကြရနဲ့ ဘဝပျက်ခဲ့ကြတဲ့ မိသားစုတွေ များလာခဲ့ကြပါတယ်။ ဒီလို တစ်ပိုင်တစ်နိုင် တူးဖော်သယ်ယူ ရောင်းချခွင့်မရှိတော့ ကျောက်စိမ်းလုပ်ငန်းဟာ တိမ်ကောသွားပြီးတော့ ဒေသခံပြည်သူတွေ စားဝတ်နေရေးကြပ်တည်းလာခဲ့ကြပါတယ်။ ဘယ်သူသေသေ ငတေမာရင်ပြီးရောဆိုတဲ့ ကိုယ်ကျိုးရှာ ဝိသမလောဘသားတွေကြောင့် ကျွန်မတို့ ကချင်ပြည်နယ်ကထွက်တဲ့ ကျောက်စိမ်းဟာ ကချင်ပြည်နယ်မှာ လုပ်ကိုင်သယ်ဆောင်ခွင့်မရခဲ့ပေမယ့် ကားကြီးကားငယ် အသွယ်သွယ်နဲ့ တရားမဝင် သယ်ဆောင်မှုများကြောင့် တစ်ဖက်နိုင်ငံရဲ့မြို့တွေမှာတော့ ကျောက်စိမ်းကို အိမ်ဆိုင်အသေးလေးတွေကနေ တန်ဖိုးကြီး ဆိုင်ခန်းကြီးတွေအနေနဲ့ပါ အမျိုးမျိုး အစားစား ရောင်းချခွင့်ရှိနေတာ တွေ့ရပါတယ်။ တစ်ဖက်နိုင်ငံသားတွေအတွက် နယ်စပ်မြို့လေးတွေကအစ စည်ကားတိုးတက်နေတဲ့အချိန်မှာ ကျောက်စိမ်းထွက်တဲ့ ကချင်ပြည်နယ်မှာနေထိုင်ကြတဲ့ ဒေသခံပြည်သူတွေက စွန့်ပစ်မြေစာပုံတွေမှာ အသက်နဲ့ရင်းပြီး ရှာဖွေထားတဲ့ ရေမဆေးကျောက်ကလေးတွေကို ဆိုင်ကယ်Tool box ထဲမှာတွေ့ရုံနဲ့ ဖမ်းဆီးထောင်ချခံနေရတာ ဝမ်းနည်းစရာပါ။

ကျောက်စိမ်းအချောထည်ဖြစ်တဲ့ တန်ဖိုးနည်း ကျောက်လုံးချောငယ်လေးတွေ၊ လက်ကောက်၊ ဆွဲသီး၊ ပုတီး စတာတွေကို ရန်ကုန်၊ မန္တလေးမြို့ကြီးတွေက ဘုရားဈေးတန်းတွေမှာ၊ ဈေးတွေမှာ

လွတ်လပ်စွာ ဝယ်ယူရောင်းချနေကြပေမယ့် ကျွန်မတို့ ကချင်ပြည်နယ်က မြစ်ကြီးနား၊ မိုးကောင်း၊ ဟိုပင်၊ မိုးညှင်းစတဲ့ မြို့တွေမှာ ကျောက်စိမ်းနဲ့ ပြုလုပ်ထားတဲ့ လက်ဆောင်ပစ္စည်းအရောင်းဆိုင် တစ်ဆိုင်မှ မရှိတာကို အံ့သြစွာ တွေ့မြင်ရမှာပါ။ ဖားကန့်ကထွက်ရှိတဲ့ တန်ဖိုးနည်း ထမင်းစားကျောက် လေးတွေဝယ်ယူဖို့အတွက် မြစ်ကြီးနားအခြေစိုက် ကုမ္ပဏီရှိရမယ်။ သယ်ဆောင်ခွင့်လက်မှတ်အတွက် သာမန်ပြည်သူတွေလက်လှမ်းမမှီတဲ့ ဌာနဆိုင်ရာအကြီးအကဲတွေရဲ့ လက်မှတ်ပါရမယ်ဆိုတဲ့အချက် တွေကြောင့် မလုပ်ကိုင်နိုင်ကြတော့ပါ။ ကချင်ပြည်နယ်ကို အလည်ရောက်လာသူတွေအနေနဲ့ အိမ်ပြန် လက်ဆောင်ပစ္စည်းလေးတွေ ဝယ်သွားချင်ကြမှာပါ။ ဈေးကြီးတဲ့ ပစ္စည်းမဟုတ်ဘဲ ကျပ်ငွေ ထောင်ပိုင်း၊ သောင်းပိုင်းလောက်တန်တဲ့ ကျောက်စိမ်း၊ လက်ကောက်၊ လက်စွပ်လေးတွေ၊ ဘုရားပုံ၊ ငါးပုံ၊ ပန်းပု ရုပ်မျိုးတွေ၊ တန်ဖိုးနည်း ဆွဲသီးလေးတွေ၊ တစ်နိုင်တစ်ပိုင် ဝယ်သွားချင်ကြမှာပါ။

ဥက္ကဋ္ဌကြီးရှင်။ ကချင်ပြည်နယ်က မြို့နယ်တွေအတွင်း ကျောက်သွေး၊ ကျောက်ဖြတ် လုပ်ငန်း၊ ဆိုင်ဖွင့်ရောင်းချတဲ့ အိမ်ဆိုင်လေးတွေ၊ ကျောက်မျက်ဈေး၊ ဆိုင်ခန်းလေးတွေကို သင့်တော်တဲ့ အခွန်နှုန်းထားနဲ့ လုပ်ငန်းလိုင်စင်လေးတွေ ပြုလုပ်ပေးပြီး စနစ်တကျ ရောင်းဝယ်စေမယ်ဆိုရင် ပြည်နယ်ရန်ပုံငွေလည်းရ၊ ပြည်ထောင်စုအခွန်ဘဏ္ဍာငွေလည်းရ၊ ဒေသခံပြည်သူလူထုမှာလည်း အလုပ်အကိုင် အခွင့်အလမ်းတွေ ရရှိစေမှာ ဖြစ်ပါတယ်။ လက်ဆောင်ဝယ်သွားကြတဲ့ ခရီးသွားတွေ ကလည်း လိုင်စင်ရ ဆိုင်ဘောက်ချာလေးတွေနဲ့ ဝယ်ယူရင် လမ်းမှာ အခက်အခဲမရှိ သယ်ဆောင်သွား နိုင်မှာပါ။ အခု ကျွန်မတို့ ဆွေးနွေးနေတဲ့ ၂၀၁၇ ခုနှစ်၊ မြန်မာ့ကျောက်မျက်ရတနာ ဥပဒေကြမ်းရဲ့ အခန်း(၇)၊ အပိုဒ်(၂၅)၊ အပိုဒ်(၂၆)၊ အပိုဒ်(၂၇)၊ အပိုဒ်(၂၈)တို့မှာ ဒီအချက်တွေ ပါဝင်လာခဲ့တဲ့အတွက် ကချင်ပြည်နယ်ဒေသခံ ပြည်သူလူထုရဲ့ကိုယ်စား ထောက်ခံကြိုဆိုပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးရှင်။ ကျွန်မ ဆက်လက်ဆွေးနွေးလိုတာကတော့ ၂၀၁၇ ခုနှစ်၊ မြန်မာ့ကျောက်မျက်ရတနာ ဥပဒေကြမ်း အခန်း(၆)၊ အပိုဒ်(၂၀)၊ အပိုဒ်ခွဲ(ဆ)(၅)ပါ ကျောက်မျက် ရတနာ ထုတ်လုပ်ခြင်းလုပ်ငန်းကြောင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ ထိခိုက်ပျက်စီးမှု မရှိ စေရန် စီမံဆောင်ရွက်ခြင်းဆိုတဲ့ အချက်ပါ။ ယနေ့လက်ရှိအချိန်မှာ တရားဝင်ရော၊ တရားမဝင်ပါ စက်ယန္တရားကြီးများနဲ့ နေ့မအားညမနား အလွန်အကျွံတူးခဲ့ကြတာတွေကြောင့် သဘာဝပတ်ဝန်းကျင် ပျက်စီးပြီး ချိုင့်ကြီး၊ ကျင်းကြီးများ၊ မြေစာပုံများ ဖြစ်ခဲ့ရပါပြီ။ ဒေသခံပြည်သူတွေကတော့ နှစ်စဉ် နှစ်တိုင်း ရေကြီးရေလျှံတဲ့ဘေး၊ မြေစာပုံပြိုကျပြီး အသက်များစွာ ဆုံးရှုံးခဲ့ကြရတဲ့ ဘေးဒုက္ခများကို ခံစားနေကြရပါတယ်။ ဒါတွေကို ကုစားဖို့အတွက် ယန္တရားကြီးတွေနဲ့ အလွန်အကျွံတူးဖော်မှုတွေကို ရပ်တန့်သင့်ပါပြီ။ တူးထားပြီးတဲ့ ချိုင့်ကြီး၊ ကျင်းကြီးတွေနဲ့ ကျန်နေခဲ့တဲ့ ကမ္ဘာကျော် ကျောက်စိမ်း ထွက်တဲ့ဒေသကို ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်အောင် ပြုလုပ်ပေးခြင်းအားဖြင့် သဘာဝ သယံဇာတ မပျက်စီးဘဲ ဝင်ငွေရရှိအောင် လုပ်ပေးသင့်ပါတယ်။ ဒေသခံပြည်သူတွေကို လက်လုပ် လက်စား တူးဖော်ခွင့် ပေးသင့်ပါတယ်။

ယခင့်ယခင် အချိန်ကာလများက ကုမ္ပဏီများ၊ အသင်းအဖွဲ့များသာ လက်ဝါးကြီးအုပ် လုပ်ကိုင်ရောင်းချခွင့်ရခဲ့ကြရာမှာ တိုင်းပြည်အတွက် အခွန်ဘဏ္ဍာ ဘယ်လောက်ရရှိခဲ့ပါသလဲ။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် ဘယ်လိုလုပ်ဆောင်ခဲ့ကြပါသလဲဆိုတာ ဆန်းစစ်ဖို့လိုလာ

ပါပြီ။ ဥက္ကဋ္ဌကြီးရှင်။ ၂၀၁၇ ခုနှစ်၊ မြန်မာ့ကျောက်မျက်ရတနာ ဥပဒေကြမ်းအခန်း(၆)၊ ခွင့်ပြုမိန့်ရရှိသူ၏ တာဝန်နှင့်အခွင့်အရေးများဆိုတဲ့ အခန်းမှာပါတဲ့ အပိုဒ်(၂၁)၊ အပိုဒ်ခွဲ(စ)(င)ပါ ကျောက်မျက်ရတနာ ထုတ်လုပ်ခြင်းလုပ်ငန်းကြောင့် --------- ။ (ဩဘာသံများ)

**အချိန်၊ ၁၁း၄၆။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးခင်မောင်မြင့်ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၄၆။**

**ဦးခင်မောင်မြင့်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)**။ ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သလှပါတယ်။ ကျွန်တော်ကတော့ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ခင်မောင်မြင့် (ခ) ဦးချိုဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် သယံဇာတနဲ့သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ကော်မတီဝင်ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီး ခင်ဗျား။ Power Point ပြသခွင့်ပေးပါရန် တောင်းခံအပ်ပါတယ်။ ယခုမြင်ရတဲ့ပုံကတော့ ရေမဆေးသမားများ လုပ်ကွက်တွင်းသို့ဝင်ရောက်ပြီး ကျောက်ရှာနေတဲ့ပုံ ဖြစ်ပါတယ်။ ဒုတိယပုံကတော့ မြေစာပစ်လမ်း ချန်ထားတဲ့ပုံဖြစ်ပါတယ်။ အပိုဒ် ၁၇၊ အပိုဒ်ခွဲ (က)နှင့် အပိုဒ်ခွဲ (ခ)အဖြစ် သတ်မှတ်ထားတာဖြစ်ပါတယ်။ ပုဒ်မခွဲ(က)အရ ကျောက်မျက်ရတနာ လုပ်ကွက်များအဖြစ် သတ်မှတ်ရာတွင် လုပ်ကွက်တစ်ခုနှင့်တစ်ခုအကြား မြေစာစွန့်ပစ်လမ်း ချန်လှပ်ထားတဲ့ပုံ ဖြစ်ပါတယ်။ ဥပဒေပြဋ္ဌာန်းချက်တစ်ရပ်လည်း ဖြစ်ပါတယ်။ ဥပဒေဟာ အလတ်စား (၅) ဧက (၃)နှစ်၊ အသေးစား (၃) ဧက(၂)နှစ်နဲ့ လက်လုပ်လက်စား (၁)ဧက (၁)နှစ်တို့ကို တစ်ကွက်နှင့်တစ်ကွက် ပေါင်းမကူးရန် ပြဋ္ဌာန်းထားသောဥပဒေ ဖြစ်ပါတယ်။ လက်ငုပ်လက်ရင်းဆိုရာတွင် ယခင်တူးဖော်သူများသည် တဖက်နိုင်ငံသို့ ကျောက်များ ခိုးထုတ်/မထုတ် စစ်ဆေးပြီး ၁၀(က)အရ အတည်ပြုဈေးနှုန်း သတ်မှတ်ပေးရပါမည်။ လက်ငုပ်လက်ရင်းကုမ္ပဏီများသည် တစ်ဖက်နိုင်ငံသို့ တရားမဝင်ကျောက်များ ရောင်းချမှုများရှိသောကြောင့် တိုင်းရင်းသားနှင့်ဒေသခံများ ဦးစားပေးသင့်ပါတယ်။ လက်ငုပ်လက်ရင်းများကို ဦးစားမပေးသင့်ပါကြောင်း လေးလေးနက်နက်ပြောကြားလိုပါတယ်။ ၎င်းတို့လုပ်ဆောင်၍ ဖားကန့်သဘာဝပတ်ဝန်းကျင် ပျက်စီးသွားပြီလည်းဖြစ်ပါတယ်။ ရှေးယခင်က တစ်ပိုင်တစ်နိုင်လုပ်ဆောင်တဲ့ကာလတွေမှာ ရေမဆေးကျောက်ရှာတဲ့သူဆိုတာ မပေါ်ပေါက်ခဲ့ပါဘူး။ ထို့ကြောင့် ရေမဆေးများ ထပ်မံမပေါ်ပေါက်စေရန် ယခုဥပဒေသစ်ဖြင့် ကျောက်စိမ်းတူးဖော်ရာတွင် စက်ယန္တရားများကို တတ်နိုင်သမျှလျှော့ချပြီး လူအရင်းအမြစ်များဖြင့် တူးဖော်ရပါမည်။ သို့မှသာလျှင် ရေမဆေးသမားများ အလုပ်အကိုင်အခွင့်အလမ်းများရရှိပြီး လျော့နည်းပျောက်ကွယ်သွားမှာလည်း ဖြစ်ပါတယ်။ ၎င်းတို့ လက်လုပ်လက်စား လုပ်ပိုင်ခွင့်များကိုလည်း ရရှိပြီး စုပေါင်းလုပ်ကိုင်ကြမှာ ဖြစ်ပါတယ်။ စက်ယန္တရားများနဲ့ တူးဖော်မှုနည်းမှသာ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းပြီးသားဖြစ်မှာပါ။ သို့မှသာ ကျောက်စိမ်းတန်ဖိုး အလွန်ကျဆင်းနေမှုကို ထိန်းသိမ်းနိုင်ပြီး ကျောက်မျက်ရတနာများ ဈေးကောင်းရလာမှာပါ။ မြန်မာ့ကျောက်မျက်

ရတနာ တူးဖော်ရေးဌာနက ကြပ်ကြပ်မတ်မတ် ယခင်ကလို လျော့ရဲရဲမဟုတ်ဘဲ လုပ်ဆောင်ရပါမည်။ လုပ်ကွက်များကိုလည်း ဝန်ထမ်းများ နိုင်သလောက်ချပေးရပါမည်။ အမြောက်အမြား ချမပေးရန်လည်း တိုက်တွန်းအပ်ပါသည်။ အပိုဒ် ၅၄၊ အပိုဒ်ခွဲ (ဂ)အရ ကျောက်စိမ်းတူးဖော်ရာ၌ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး လုပ်ကွက်များ ပြန်လည်အပ်နှံရာတွင် ထူထောင်မှု လုပ်ငန်းများ ဆောင်ရွက်ရပါမည်။ ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ရင်းနှီးမြှုပ်နှံမှု၏ (၂)ရာခိုင်နှုန်းထက် မနည်းသော CSR ရန်ပုံငွေတစ်ရပ် ထူထောင်ရပါမည်။

သို့မှသာ ဒေသခံများ ခံရသည်များကို ကုစားပေးနိုင်မှာပါ။ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၈/၁၉၉၅ အရ ထုတ်ပြန်ခဲ့သည့် နည်းဥပဒေများ၊ အမိန့် ကြော်ငြာစာ၊ အမိန့်နှင့် ညွှန်ကြားချက်များကို ဤဥပဒေနှင့်မဆန့်ကျင်သရွေ့ ကျင့်သုံးနိုင်သည်ကို လည်း ပယ်ဖျက်သင့်ပါသည်။ ပုဒ်မ ၅၆ (က) အရ ဆက်လက်တူးဖော်မှုများကို ခွင့်ပြုသည်ကိုလည်း ရပ်ဆိုင်းသင့်ပါသည်။ ဥပဒေသစ်ဖြင့် ပြဋ္ဌာန်းပြီးဖြစ်ပါသည်။ နိုင်ငံတကာအသိအမှတ်ပြု စံချိန်စံညွှန်း များနှင့် ကိုက်ညီမှုရှိစေရန် ဒေသခံများ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက် ရပါမည်။ ကျောက်အရည်အသွေးကောင်းတွေကိုလည်း ပြင်ပနိုင်ငံသို့ အောက်လမ်းကနေ မထွက်စေ ရန် နိုင်ငံခြားသားများကို အချောထည်လုပ်ငန်း၊ ပန်းပုလုပ်ငန်း၊ ကျောက်သွေးကျောက်ဖြတ် လုပ်ငန်း များကို ရာခိုင်နှုန်းပြည့် ရင်းနှီးပြီး မြှုပ်နှံခိုင်းပြီး လုပ်ကိုင်စေရပါမည်။ ကျောက်မျက်သင်တန်းကျောင်း များ၊ အသက်မွေးဝမ်းကျောင်း ကျောက်မျက်တက္ကသိုလ်များလည်း ဖွင့်လှစ်သင်ကြားရပါမယ်။ သို့မှသာ နိုင်ငံတကာ တန်းဝင်ကျောက်မျက်ပညာရှင်များနဲ့ ကျောက်မျက်ကုန်သည်များ ထွက်ပေါ်လာ မှာပါ။ မြန်မာ့ကျောက်စိမ်းသည် မြန်မာပြည်မှာ ကမ္ဘာ့ဈေးကွက်ကြီး ဖြစ်ပေါ်လာမှာပါ။ သက်ဆိုင်ရာ ဝန်ကြီး ဌာနများကလည်း မြန်မာပြည်မြို့ရွာအနှံ့ ဖားကန့်အပါအဝင် ခေတ်မီကျောက်မျက်ဈေးကြီးများ ပေါ်ပေါက်အောင် ဖော်ဆောင်ရပါမည်။ သို့မှသာ နိုင်ငံသူ၊ နိုင်ငံသားများလည်း အလုပ်အကိုင် အခွင့်အလမ်းများ ရရှိကြမှာပါ။ လူမှုရေးအဆင့်အတန်း မြင့်မားလာပြီး ကမ္ဘာနှင့်ရင်ပေါင်တန်းနိုင် မှာပါ။ ဖားကန့်ဒေသကို (Eco Touristrium) လုပ်နိုင်ရပါမယ်။ နိုင်ငံခြားသားများကိုလည်း သွားလာမှု ပိတ်ပင်ထားမှုကို ဖွင့်ပေးရပါမယ်။ စီးပွားရေးဈေးကွက် ဖော်ဆောင်ရပါမယ်။ ၎င်းတို့ ကျောက်စိမ်း တူးဖော်မှုကိုပြသကာ ကျောက်စိမ်းများကို ကျောက်မျက်ပညာရှင်များ၏ ထောက်ခံချက်နှင့် အရည် အသွေးများအပေါ်မူတည်ပြီး အာမခံချက်ဖြင့် ရောင်းချသည့်လုပ်ငန်းများ ဆောင်ရွက်ရပါမည်။ မြန်မာ့ ကျောက်စိမ်းဖြင့် တိုင်းပြည်ကြီးပွားတိုးတက်အောင် အတွေးသစ်၊ အမြင်သစ်ဖြင့် လုပ်ကိုင်ဆောင်ရွက် ကြပါစို့လို့ ဆွေးနွေးရင်း နိဂုံးချုပ်အပ်ပါသည်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

လုပ်ကွက်ထဲ ရေမဆေးကျောက် ရှာဖွေသူများ ဝင်ရောက်နေသည့် မြင်ကွင်းပုံ (ဇဇ)



**အချိန်၊ ၁၁း၅၁။**

**ဥက္ကဋ္ဌ။** ။ ဆွေးနွေးမယ့်လွှတ်တော်ကိုယ်စားလှယ်များကို အနည်းငယ်အသိပေးလိုပါတယ်။ အခုဟာ ကျွန်တော်တို့ ဥပဒေကြမ်းကို ဆွေးနွေးနေတာပါ။ ဆိုတော့ အခု ဥပဒေကြမ်းမှာ တင်ထားတဲ့ ဥပဒေကြမ်းကို ဘယ်လိုပုဒ်မတွေကိုဖြင့် ဘယ်လိုဖျက်သင့်တယ်၊ ဘယ်လိုပြင်သင့်တယ်၊ မိမိရဲ့အဆိုက ဘယ်လိုဖြစ်သင့်တယ်၊ ဒါကို အဓိကထားပြီးတော့ ဆွေးနွေးစေချင်ပါတယ်။ အခုဟာ (General) ကို ဆွေးနွေးတဲ့အနေအထား ဖြစ်နေတယ်။ အခုဟာ ဥပဒေကြမ်းကို ဆွေးနွေးတဲ့ သဘောထားမရောက်ဘူးဖြစ်နေပါတယ်။ ဒါကြောင့်မို့လို့ ဥပဒေကြမ်းမှာ ပြဋ္ဌာန်းထားတဲ့ ဘယ်အခန်း၊ ဘယ်ဥပဒေပုဒ်မ ဟာဖြင့် ဘယ်လိုဖြစ်သင့်ပါတယ်၊ ဒါကို ကိုယ့်ရဲ့ဆန္ဒက ဘယ်လိုရှိသင့်ပါတယ်၊ ဒါလေးတွေကို အဓိကထားပြီး ဆွေးနွေးပေးစေလိုပါတယ်။

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးသန်းစိုး(ခ) သန်းစိုး(ဘောဂဗေဒ) ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၅၂။**

**ဦးသန်းစိုး(ခ) သန်းစိုး(ဘောဂဗေဒ)၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံးမင်္ဂလာပါ။ ကျွန်တော်ကတော့ ဆွေးနွေးမယ့်ပုဒ်မတွေက များလွန်းတဲ့အတွက် (၆)မိနစ်နဲ့လည်း မလုံလောက်တဲ့အတွက် ပထမဆုံး အနေနဲ့ ကျွန်တော် ဆွေးနွေးလိုတဲ့ ပုဒ်မခေါင်းစဉ်ကို ကျွန်တော်ပြောပြသွားပါမယ်။ ပြီးမှ ကျွန်တော်တို့ ဥပဒေကြမ်းမှာ ဆွေးနွေးတဲ့နေရာမှာ ကျွန်တော် ဆွေးနွေးခွင့်ရဖို့အတွက် ဖြစ်ပါတယ်။

အဲဒီတော့ ပထမဆုံးပုဒ်မကတော့ ပုဒ်မ ၂၊ ပုဒ်မ ၂ မှာ ရှိတဲ့ (ဈ) (ပ) (ဏ)၊ပုဒ်မ ၃ (က) (ခ)၊ ပုဒ်မ ၄ (က)၊ ပုဒ်မ ၁၀ (က) (ခ)၊ ပုဒ်မ ၁၅ (ခ)၊ ပုဒ်မ ၂၀ (ခ) (၁)နဲ့(၂)၊ ပုဒ်မ ၂၁ (က)၊ ပုဒ်မ ၂၂ (၆)၊ ပုဒ်မ ၂၉ (က) (ခ)၊ ပုဒ်မ ၃၁ ပုဒ်မခွဲ (စ)၊ ပုဒ်မ ၃၂ (က) (ခ)၊ ပုဒ်မ ၃၄၊ ပုဒ်မ ၅၄ တို့ဖြစ်ပါတယ်။ ဒီပုဒ်မတွေက ဒီနေ့ (၆)မိနစ်ဆိုတဲ့ အတိုင်းအတာထဲမှာ ကျွန်တော်ဆွေးနွေးခွင့်မရတဲ့အတွက် ကြိုတင်ပြီးတော့ ဥပဒေကြမ်းမှာ ဆွေးနွေးတဲ့အခါ ဆွေးနွေးခွင့်ရအောင် ကျွန်တော် တစ်ပါတည်း တင်ပြထားခြင်းဖြစ်ပါတယ်။ ဒီထဲကနေမှ ကျွန်တော် ပုဒ်မအချို့ကို ကျွန်တော် ပြောပြပါမယ်။ ပုဒ်မ ၂

မှာ ရှိတဲ့ (ပ) (ဏ) အဲဒီနေရာမှာ အဲဒီပုဒ်မတွေက ပြီးခဲ့တဲ့ မကြာခင်ကပဲ ဝန်ကြီးပြောသွားပါတယ်။ သတ္တုတွင်းဝန်ကြီးက။ ပရီမီယံကြေးတွေကို ထည့်သွင်းထားခြင်း မရှိပါဘူး။ ဒီကျောက်မျက်တူးဖော်တဲ့နေရာမှာ ကျွန်တော်တို့ (Damage) တွေက များပါတယ်။ (Enviromental Damages), (Social Damage) တွေ အရမ်းများတဲ့အတွက် ဒီထဲမှာ ပရီမီယံကြေးတွေ ဘယ်လောက်ထည့်ရမယ်ဆိုတာ မထည့်ထားပါဘူး။ ဒီအချက်လည်း ကျွန်တော် ထည့်သွင်းသွားဖို့လိုပါတယ်။ ပုဒ်မ ၃ မှာ (က)(ခ)မှာ ကျွန်တော် အကျဉ်းချုပ်ပဲ ပြောသွားပါမယ်။

ကျောက်မျက်ရတနာအခွန်အခများ ပိုမိုကောက်ခံရရှိ ခြင်းဖြင့် ကျောက်မျက်ကဏ္ဍအတွက် လိုအပ်သောအသုံးစရိတ်များနဲ့ သုံးစွဲ၊ သီးသန့်သုံးစွဲဆိုတဲ့ အချက်ကိုလည်း ထည့်သွင်းထားဖို့ လိုပါမယ်။ ပုဒ်မ ၄ (က)မှာ အများပြည်သူသိရှိရန် မည်သည့် နည်းလမ်းနဲ့ ဖော်ပြရမယ်ဆိုတာမျိုးကို မပြောပြထားပါဘူး။ ဒီ ပုဒ်မကိုလည်း ကျွန်တော် ထည့်ပြီးတော့ ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

အဲဒီတော့ ကျန်တဲ့ပုဒ်မ ၂ (က)၊ ပုဒ်မ ၁၀ (က)(ခ)၊ ပုဒ်မ ၁၅ (ခ)၊ ပုဒ်မ ၂၀ (ဃ)၊ ပုဒ်မ ၃၂ (က)(ခ) နဲ့ ပုဒ်မ ၃၃၊ ၃၄ တွေ ကတော့ ဆက်စပ်နေပါတယ်။ ဒီပုဒ်မတွေဟာ အဓိကအချက်ကတော့ လုပ်ကွက် ဧရိယာဖြစ်ပါတယ်။ ဒုတိယအချက်ကတော့ အတည်ပြုဈေးနှုန်းဖြစ်ပါတယ်။ တတိယ အချက်ကတော့ ရတနာခွန်၊ ဥပဒေကြမ်းမှာတော့ တွင်းဝခွန်ပေးဆောင်မှုလို့ ပြောထားပါတယ်။ အဲဒီတော့ ကျွန်တော်တို့နိုင်ငံမှာ ဒီခေတ်မမီတဲ့ နည်းပညာတွေနဲ့တူးဖော်ခဲ့လို့ ကျွန်တော်တို့တိုင်းပြည်မှာ ရှိတဲ့ သဘာဝသယံဇာတတွေ တော်တော်များများဟာ ဒီရဲ့ဒဏ်ကို ကျွန်တော်တို့ ခံနေရပါပြီ။ အဲဒီတော့ ခုနတုန်းကလည်း ဝန်ကြီး ပြောသွားပါတယ်။ ခေတ်မီနည်းပညာဆိုတဲ့ (Base) ကနေ ရေးထားတာ တစ်ခုမှ မတွေ့ပါဘူး။ ဥပမာ လုပ်ကွက်ဧရိယာ သတ်မှတ်တဲ့နေရာမှာ၊ အတည်ပြု ဈေးနှုန်းတွေကို ခွင့်ပြုတဲ့နေရာမှာ၊ ရတနာခွန် ပေးဆောင်တဲ့နေရာမှာ ခေတ်မီနည်းပညာကို အသုံးပြုခြင်းအားဖြင့် အတည်ပြုဈေးနှုန်းတွေမှာ လျှော့တွက်ဖို့နည်းလမ်းတွေ၊ လုပ်ကွက်ဧရိယာမှာ လျှော့တွက်မယ့် နည်းလမ်းတွေ၊ ရတနာခွန်ပေးဆောင်တဲ့နေရာမှာ ခေတ်မီနည်းပညာကို အသုံးပြုခြင်းအားဖြင့် ပေးဆောင်ရတဲ့ အခွန်အခက နည်းသွားတာတို့၊ များသွားရတာ တို့ဆိုတဲ့ မက်လုံးတွေကို ဒီထဲမှာ မထည့်ထားပါဘူး။ အဲဒီတော့ ကျွန်တော် ပုဒ်မ ၂၁ ကိုပဲ ပြောရလို့ရှိရင် ဒီအသေးစား၊ အလတ်စား၊ တစ်ပိုင်တစ်နိုင် လုပ်ငန်းတွေအကုန်လုံးဟာ အခွန်ကို တွင်းဝခွန် အတူတူပေးဆောင်ရမယ်ဆိုတဲ့ သဘောမျိုးကို သက်ရောက်ပါတယ်။

ဒီနေရာမှာ ကျွန်တော်တို့ စီးပွားရေးရှုထောင့်ကနေ ကြည့်လို့ရှိရင် ခေတ်မီ နည်းပညာကို အသုံးပြုတူးဖော်တဲ့ နည်းပညာကို အသုံးပြုထားခြင်းဖြင့် ဒီအခွန်တွေ၊ တွင်းဝခွန်တွေ အဆိုပြု ဈေးနှုန်းတွေမှာ ကျွန်တော်တို့က မက်လုံးအနေနဲ့ ထည့်ထားလို့ရပါတယ်။ ဒီအချက်ကို ထည့်ထား လို့ရှိရင် ခေတ်မီနည်းပညာ တူးဖော်မှုဆိုတဲ့အချက်၊ ခေတ်မီနည်းပညာအသုံးပြုမှုဆိုတဲ့ အချက်ကို ထည့်ထားခြင်းဖြင့် ကျွန်တော်တို့က ပုဒ်မ ၃၂ တို့ ၃၂၊ ၃၃၊ ၃၄ မှာရှိတဲ့ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်မှု တစ်ပါတည်း ကာကွယ်ပြီးသားဖြစ်ပါတယ်။ အဲဒီတော့ ဒီဥပဒေမှာ ဒီအချက် တွေကို ထည့်သွင်းထားတာမရှိတဲ့အတွက် ကျွန်တော်က ဖြည့်စွက်ပြီးတော့ ဆွေးနွေးရခြင်းဖြစ်ပါတယ်။

ပုဒ်မ ၂၉ အရေအတွက်တွေ မပါ ပါဘူး။ သက်တမ်းလည်း မပါ ပါဘူး။ အဖွဲ့တွေ။ အမြဲတမ်း (Organization Crisis) ဖြစ်နေတဲ့ဟာကို ထောက်ပြခဲ့ဖူးပါတယ်။

နောက် ပုဒ်မ ၃၁ ဈေးကွက်သစ်များ ရှာဖွေခြင်း၊ ကျောက်မျက်သုတေသနနှင့် နည်းပညာများ ပြုလုပ်ခြင်းဆိုတဲ့ အချက်တွေကိုလည်း ကျွန်တော်တို့ ထည့်သွင်းချင်ပါတယ်။ နောက် ပုဒ်မ ၅၄၊ ပုဒ်မ ၅၄ က လုပ်ငန်းများပြန်လည်အပ်နှံရာတွင် ဆိုတဲ့အချိန်မှာ (၂)ရာခိုင်နှုန်းကို မြေယာ ပြုပြင်ရေးနဲ့ တောင်သူလယ်သမား ပြန်လည်ထူထောင်ရေးလုပ်ငန်း အသုံးပြုမယ်လို့ ပြောထားတယ်။ အဲဒီတော့ ကျွန်တော်က မေးစရာရှိပါတယ်။ လုပ်ငန်းများ ပြန်လည်အပ်နှံရာတွင် ဆိုတော့ ဒီလူဟာ လူမွဲစာရင်းခံသွားတာတို့၊ ထွက်ပြေးသွားရင်၊ လုပ်ငန်းအပ်နှံပြီးတော့ လူမွဲစာရင်းခံရတယ်၊ ထွက်ပြေး သွားရင် အဲဒီ (၂)ရာခိုင်နှုန်းကို ကျွန်တော်တို့က ဘယ်လိုယူရမှာလဲ။ အဲဒီတော့တကယ်က နိုင်ငံတကာ မှာ ကျွန်တော်တို့ အမြဲတမ်းပြောနေတာရှိပါတယ်။ လုပ်ငန်းကို ခွင့်ပြုမိန့်၊ လိုင်စင်၊ လုပ်ငန်း စတင်တာနဲ့ တစ်ပြိုင်နက်ထဲ သူ့ရဲ့ရင်းနှီးမြှုပ်နှံမှုရဲ့ (၂) ရာခိုင်နှုန်းကို ကျွန်တော်တို့ နိုင်ငံတော်ကို ပေးထားရမှာ ဖြစ်ပါတယ်။ အဲဒီအချက်ကိုလည်း ကျွန်တော်ပြင်လိုပါတယ်။ ဒါကြောင့်မို့ ခုနကျွန်တော် မဆွေးနွေးခဲ့ တဲ့ဟာတွေက အချိန်အတိုင်းအတာကြောင့် ဥပဒေကြမ်းမှာ ကျွန်တော် ဆွေးနွေးခွင့်ရဖို့အတွက် ကျွန်တော် တင်ပြရခြင်းဖြစ်ပါတယ်။ ဒါကြောင့်မို့ ကျွန်တော် ဒီမူသဘောနဲ့ ဥပဒေရဲ့ပြင်ဆင်ချက် တွေကို ရှင်းပြဆွေးနွေးရခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၁း၅၈။**

**ဥက္ကဋ္ဌ**။ ။ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါက်တာခွန်ဝင်းသောင်း ဆွေးနွေး နိုင်ပါပြီ။

**အချိန်၊ ၁၁း၅၈။**

**ဒေါက်တာခွန်ဝင်းသောင်း၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)**။ ။ ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံးမင်္ဂလာပါ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အချိန်အကန့် အသတ်ကြောင့် အဓိကပြင်ဆင်လိုတဲ့ ဥပဒေကြမ်းရဲ့အခန်းများ၊ ပုဒ်မ၊ ပုဒ်မခွဲများကို တင်ပြပြီးမှ လိုအပ်သည်များကို နောက်မှရှင်းလင်းပါရစေ။ Power Point အသုံးပြုခွင့်ပေးစေလိုပါတယ်။

အခန်း ၁ မှ အပိုဒ်၊ အခန်း ၁ မှ ပုဒ်မ ၂ အပိုဒ်ခွဲ (ဎ) သုံးစွဲရမည့် စက်ယန္တရားများအစား သုံးစွဲရမည့် စက်ယန္တရား အကန့်အသတ် အတိအကျဟုလည်းကောင်း၊ အပိုဒ်ခွဲ (တ) လက်လုပ် လက်စား တူးဖော်ထုတ်လုပ်ရဲ့ နောက်မှာ ရှာဖွေ ကိုဖြည့်စွက်၍လည်းကောင်း၊ အခန်း ၂ ရဲ့ ပုဒ်မ ၃ (စ) ရှိ ကျောက်မျက်ရတနာ လုပ်ကွက်များရဲ့ အနောက်မှာ စနစ်တကျဟု ဖြည့်စွက်၍ လည်းကောင်း၊ အခန်း ၃ ပုဒ်မ ၈ အောက်ဆုံး စာကြောင်းရဲ့ တွေ့ရှိရသော ကျောက်မျက်ရတနာသည် နိုင်ငံတော်ပိုင် ဖြစ်ပြီး တန်ဖိုး၏ (၅) ရာခိုင်နှုန်းထက်မနည်းကို တွေ့ရှိသူအား ဆုအဖြစ်သတ်မှတ်ပေးရမည် ဟု လည်းကောင်း ဖြည့်စွက်၍ ပြင်ဆင်လိုပါတယ်။ အခန်း ၆ ပုဒ်မ ၂၁ အပိုဒ်ခွဲ (ဆ) ၆ စာပိုဒ်ရဲ့အဆုံးမှာ ဥပဒေနဲ့အညီ လုပ်ပိုင်ခွင့်ကာကွယ်စောင့်ရှောက်မှု၊ စောင့်ရှောက်ခံမှု အခွင့်အရေးများရရှိအောင် ဆောင်ရွက်

ခြင်းဟူသည့် စာပိုဒ်ကို ထပ်မံဖြည့်စွက်လိုပါတယ်။ အခန်း ၂၀၊ ၃၆ (က) မှာ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးပညာရှင် ပါဝင်မှု တိကျစွာဖော်ပြ ပြဋ္ဌာန်းသင့်ပါတယ်။

အခန်း ၁၃ ပြစ်မှုပြစ်ဒဏ်များ နဲ့ပတ်သက်လို့ ပုဒ်မ ၄၄ ခြေဆင်းအပိုဒ်မှာ ထိုသူကို စကားလုံးအစား အဓိကတာဝန်ရှိသူ လို့ပြင်ဆင်ပြီး ၎င်းပုဒ်မရဲ့ အပိုဒ်ခွဲ (က)ရဲ့ စာပိုဒ်အဆုံးမှာ သဘာဝပတ်ဝန်းကျင် ထိခိုက်သည်အထိ မြေစာစွန့်ပစ်ခြင်းကို အစားထိုးချင်ပါတယ်။ ၎င်း ပုဒ်မ ၄၄ ပါ အပိုဒ် (ခ)ကို အပိုဒ် (ဂ) အဖြစ် အမှတ်စဉ်ပြီး ကြားထဲမှာ အပိုဒ် (ခ) အနေနဲ့ လုပ်ကိုင်ခွင့်ရ လုပ်ကွက်တွင် သတ်မှတ်ယာဉ်ယန္တရားထက် ပိုမိုသုံးစွဲခြင်း၊ တရားမဝင် (လိုင်စင်မဲ့) ယာဉ်ယန္တရားများ သုံးစွဲခြင်း၊ လုပ်ပိုင်ခွင့်ရဧရိယာထက် ကျော်လွန်၍လုပ်ကွက်တိုးချဲ့ခြင်းနှင့် မြေစာပစ်ခြင်း၊ သက်တမ်း ကျော်လွန်ပြီး ခွင့်ပြုချက်မရခင် ဆက်လက်လုပ်ကိုင်ခြင်း စသည်တို့ကို ဖြည့်စွက်လိုပါတယ်။ ပုဒ်မ ၄၆ အပိုဒ်ခွဲ (ခ)ရဲ့အောက်မှာ အပိုဒ်ခွဲ (ဂ)အဖြစ် ကျောက်မျက်ရတနာ ထုတ်လုပ်ရာ၌ သုံးသည့်ဆက်စပ် ပစ္စည်းများအား ခွင့်ပြုချက်မဲ့ တရားမဝင် တင်သွင်းခြင်း၊ သယ်ဆောင်ခြင်း ဆိုတဲ့စာကြောင်းကို ဖြည့်စွက်၍လည်းကောင်း၊ အခန်း ၁၄ ပုဒ်မ ၅၁ တွင် အပိုဒ်ခွဲ (ဂ)အဖြစ် တာဝန်ပျက်ကွက်သော ဌာန ဆိုင်ရာဝန်ထမ်းများ၊ တာဝန်ရှိသူ အဖွဲ့အစည်းဝင်များကိုလည်း လုပ်ထုံးလုပ်နည်းများအရ အရေးယူ နိုင်သည်ဟု ဖြည့်စွက်လိုပါတယ်။ ပုဒ်မ ၅၂ အပိုဒ်ခွဲ (က)မှာ ရှိတဲ့ လုပ်ငန်းစဉ် အဆင့်ဆင့်ကို ဆောင်ရွက်ရာ၌ ဟူသည့် စာပိုဒ်နောက်မှာ တည်ဆဲပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ၊ သစ်တော ဥပဒေတို့ကို လိုက်နာပြီး ဟူသည့် စာကြောင်းကို ဖြည့်စွက်၍လည်းကောင်း၊ အပိုဒ်ခွဲ (ခ) ပါ စိမ်းလန်း စိုပြည်ရေးလုပ်ငန်းများကို ဟူသည့် နောက်၌ နိုင်ငံတကာပညာရှင် စံနှုန်းများအတိုင်း သတ်မှတ်ချက် နှင့်အညီ ဆောင်ရွက်ပေးရမည် ဟူ၍လည်းကောင်း၊ အပိုဒ်ခွဲ (ဂ) (ဃ) တို့ကို မူလအတိုင်းထားပြီး နောက်ထပ်အပိုဒ်ခွဲ (င)အဖြစ် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး သီးသန့်ရန်ပုံငွေတစ်ရပ် အစိုးရထံ နှစ်စဉ် အချိုးကျကြိုတင်ဖြတ်တောက် ပေးသွင်းထားစေပြီး ၎င်းငွေကို ယင်းဒေသ၏ ပတ်ဝန်းကျင် ထိန်းသိမ်းရေး၊ ပြန်လည်စိမ်းလန်းစိုပြည်ရေးအတွက်သာ အသုံးပြုရမည်ဟု ထပ်မံ ဖြည့်စွက်လိုပါ တယ်။ အဲဒါကတော့ ဥပဒေကြမ်းကော်မတီရဲ့ စာမျက်နှာ ၇ အစမှာရှိတဲ့ အပိုဒ်ကို (၂)ပိုင်း ခွဲလိုက် တာဖြစ်ပြီး အဲဒီဥပဒေကြမ်းကော်မတီရဲ့ အစီရင်ခံစာရဲ့ ပုဒ်မ ၉၊ ၁၀ (က) မှာလည်း ဒီဆောင်ရွက်မှု သာလွန်သော ဆိုတဲ့စာလုံးကို တိကျတဲ့အဓိပ္ပာယ် ဖွင့်ဖို့လိုအပ်ပါတယ်။ ဆောင်ရွက်မှုသာလွန်တယ် ဆိုတာ မတရားကြီးတူးဆွလိုက်တာလား၊ စည်းမဲ့ကမ်းမဲ့ ပစ်ထားခဲ့တာလားဆိုတာကို အဓိပ္ပာယ် ပေါက် နေပါတယ်။ ပုဒ်မ ၅၅ စာပိုဒ်ကြီး သက်ဆိုင်ရာ စာရွက်စာတမ်း ဆိုသည့်နောက်မှာ CD ခွေ၊ ထင်ရှားသည့် ဓာတ်ပုံမှတ်တမ်း၊ ခန့်မှန်းအလေးချိန် အရွယ်အစား စသည့် စကားရပ်ကို ဖြည့်စွက်၍ လည်းကောင်း၊ ပုဒ်မ ၅၈ စာပိုဒ်ရဲ့အဆုံးမှာ စမ်းသပ်တိုင်းတာခွင့်ရရှိသူသည် တည်ဆဲ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဥပဒေ၊ သစ်တောဥပဒေတို့ကို လိုက်နာရမည် ဟူ၍လည်းကောင်း ဖြည့်စွက်လိုပါတယ်။ ပုဒ်မ ၅၉ အား အမှတ်စဉ် ၆၀ အဖြစ်လည်းကောင်း၊ ၆၀ အား ၆၁ အဖြစ်လည်းကောင်း ပြင်ဆင်၍ ပုဒ်မ ၅၉ အဖြစ် ဤဥပဒေအရ ကျူးလွန်သောပြစ်မှုများကို ရဲ အရေးယူပိုင်ခွင့်ရှိသော ပြစ်မှုအဖြစ် သတ်မှတ်သည်ဟူသော စာပိုဒ်အား အသစ်ထပ်မံ အစားထိုးလိုပါတယ်။


ဥက္ကဋ္ဌကြီးခင်ဗျား။ ဤဥပဒေကို ပြဋ္ဌာန်းရာမှာ နိုင်ငံတော်အစိုးရ၏ အကျိုးစီးပွား၊ ဒေသခံပြည်သူတို့၏အကျိုးစီးပွား၊ လုပ်ငန်းရှင်ရဲ့အကျိုးစီးပွား စတဲ့အကျိုးစီးပွားခံစားခွင့်အမြင်နဲ့ သယံဇာတနဲ့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအမြင်တို့ပေါင်းစပ်ပြီး မျှတစွာ သုံးသပ်စေချင်ပါတယ်။ ဥပမာ ကချင်ပြည်နယ်နဲ့ စစ်ကိုင်းတိုင်းမှာသာထွက်ရှိတဲ့ ကမ္ဘာမှာ ရှာမှရှားဖြစ်တဲ့ ဒီကျောက်မျက်သယံဇာတတွေကို မဆလ လက်ထက်ကတောင် လိုမှထုတ်သုံးတဲ့ သယံဇာတသုံးစွဲရေး မူဝါဒတွေရှိခဲ့ပေမယ့် အခုအချိန်မှာတော့ ရတနာသိုက်ကြီးတစ်ခုလုံးကို အလျင်စလိုရွှေ့ပြောင်း ထုတ်ယူတဲ့စနစ်နဲ့ ဥပဒေဘောင်ကျော်လွန်ပြီး ဘာမူဝါဒမှမလိုက်နာဘဲ အသည်းအသန် ထုတ်ယူနေ၍ရခြင်းဟာ ကိုယ့်သယံဇာတကို သူများတွေလာသုံးဖြုန်းနေသလို ဖြစ်နေပါတယ်။ အကျိုးအမြတ်ကျတော့လည်း အစိုးရက နည်းနည်း၊ နယ်မြေဒေသခံတွေ ခံစားခွင့်မရှိသလို လာလုပ်တဲ့ ပြည်ပနဲ့ပတ်သက်တဲ့ လုပ်ငန်းရှင်အများစုကသာ အတိုင်းအဆမရှိ အကျိုးအမြတ်ရနေတာမို့ ဥပမာပြောရရင် ဘုရင့်သမီးတော်ကို ပခြုပ်ဆိုင်ဈေးနဲ့ တန်ဖိုးဖြတ်နေရတဲ့အဖြစ်မျိုးရောက်နေပါတယ်။


ဥက္ကဋ္ဌကြီးခင်ဗျား။ လူဦးရေ ၈ သန်းရှိတဲ့ ဘရူနိုင်းမှာ သယံဇာတအမြတ်နဲ့ ထောက်ပံ့ထားတာဆိုရင် ဒရိုင်ဘာက အိမ်ဖော်ငှားနိုင်ပြီး အသက် ၆၀ ကျော်တဲ့လူတိုင်းကို လစာလို့ ပေးထားနိုင်ပါတယ်။ ဘရူနိုင်းလိုတွက်ရင် ကျွန်း၊ ကျောက်မျက်၊ သဘာဝဓါတ်ငွေ့၊ သယံဇာတတွေကနေ ပြည်သူတွေကို လူတန်းစေ့ (၁) လ ငါးသောင်းလောက် ထောက်ပံ့မှုပေးဖို့ သင့်နေပေမယ့် အခုဆို နိုင်ငံသားတွေဟာ ဘရူနိုင်းနဲ့စာရင် ချို့တဲ့ရှားပါးနေတာ အတော်ကိုရင်နာဖို့ ကောင်းပါတယ်။ လက်ရှိမှာ ကျောက်မျက်လောကစီးပွားရေးဟာ လက်ဝါးကြီးအုပ်စီးပွားရေးစနစ်သာဖြစ်ပြီး သယံဇာတသုံးစွဲရေးမူဝါဒတွေကိုချပြီး လိုအပ်သလောက်ပဲ ထုတ်ယူသင့်ပါတယ်။ အစိုးရကလဲ ရသင့်သလောက်မရ၊ တိုင်းရင်းသားတွေကလည်း မဝ,တဝ၊ ကိုယ့်ဆီက ကျောက်မျက်တွေကို အာလူးဖော်သလို ထုတ်ယူခွင့်ပြုထားတာဟာ နောင်တစ်ချိန်မှာ ပြင်မရတဲ့မဟာအမှားကြီးအဖြစ်နဲ့ မကြုံရလေအောင် ခုထဲက စဉ်းစားဖို့လိုပါတယ်။ သဘာဝသယံဇာတနဲ့သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှု၊ ဖွံ့ဖြိုးပုံအခြေခံ ဥပဒေအရလည်း လူတိုင်းမှာတာဝန်ရှိတာမို့ ခု ဥပဒေကျမှ သဘာဝပတ်ဝန်းကျင် ပြန်လည်ထိန်းသိမ်းမှုအစီအမံတွေများစွာ အားနည်းနေတာကို တွေ့ရပါတယ်။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ၁၉၆၀ ခုနှစ်၊ ဝန်းကျင်လောက်ကဆိုရင် ဆေးရုံတက်လို့ရှိရင် လူနာစောင့်ကော၊ လူနာကော အလကားစားရပြီးမှ အပြန်ကားခတွေ ရခဲ့ဖူးပါတယ်။ အဲ့ဒီအဆင့် မဟုတ်ရင်တောင်မှ ဒီသယံဇာတတွေကနေပြီးမှ အလုပ်အကိုင်အခွင့်အလမ်းတွေ၊ နေရာအနှံ့ အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုတွေ ပေးနိုင်အောင် ကြိုးစားသင့်ပါတယ်။ ဒါကြောင့်မို့လို့ ကိုယ်ကတော့ မှိုခိုမပျောက်၊ တိုင်းပြည်ကလည်း လောက်လောက်ငငမရတဲ့အပြင် တိုင်းရင်းသားတွေမှာ ရေမဆေးဆိုတဲ့ လုယက်စားသောက်နေရတာတဲ့ဘဝကိုသာ ကျေနပ်နေရတာမို့ ဥပဒေစိုးမိုးမှုအနည်းဆုံး၊ သဘာဝပတ်ဝန်းကျင် ထိခိုက်မှုအများဆုံး၊ အဂတိလိုက်စားမှု အတိုင်းအဆမရှိဆုံး၊ တိုင်းပြည်က ဘဏ္ဍာတွေ မသိနိုင်တဲ့ နည်းလမ်းတွေနဲ့ ဆုံးရှုံးမှုအများဆုံး၊ ဒေသခံတွေရဲ့ လူမှုစီးပွားကျန်းမာနေထိုင်ရေးထိခိုက်မှုဖြစ်တဲ့ လက်ရှိကျောက်မျက်တူးဖော်ရေးလုပ်ငန်းရဲ့ အနေအထားကို ဌာနဆိုင်ရာလုပ်ငန်းရှင်၊ အစိုးရများအနေဖြင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုကို အလေးမထားဘဲ


လျစ်လျူရှုနေသမျှကာလပတ်လုံး ကောင်းမွန်တဲ့ဥပဒေတစ်ရပ် သတ်မှတ်လို့ မရနိုင်သေးတာကို တင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

သယံဇာတ အလွန်အကျွံ ထုတ်ယူမှုများကြောင့် အစားထိုးမရနိုင်သည့် သဘာဝပတ်ဝန်းကျင် ပျက်စီးနေသည့် မြင်ကွင်းပုံ (စုစု)





သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းမှုကို အလေးမထားရင် စာမျက်နှာ၏ မြင်ကွင်းပုံ (စုစု-၁)



သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းမှုကို အလေးမထားရင်

၁၅၆

၃၈၇။ နိုင်ငံသားတိုင်းသည် ပြည်ထောင်စုစိတ်ဓာတ်ကိုအခြေခံ၍ တိုင်းရင်းသားလူမျိုးအချင်းချင်း စည်းလုံးညီညွတ်ရေးနှင့် ပြည်သူတစ်ရပ်လုံးအေးချမ်းသာယာရေးတို့အတွက် ကြိုးပမ်းအားထုတ်ဆောင်ရွက်ရန် တာဝန်ရှိသည်။

၃၈၈။ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးပေါ်ထွန်းစေရေးသည် နိုင်ငံသားတိုင်း၏ တာဝန်ဖြစ်သည်။

၃၈၉။ နိုင်ငံသားတိုင်းသည် ဥပဒေအရ ပေးဆောင်ရမည့်အခွန်အကောက်များကို ပေးဆောင်ရန် တာဝန်ရှိသည်။

၃၉၀။ နိုင်ငံသားတိုင်းသည် အောက်ဖော်ပြပါကိစ္စရပ်များတွင် နိုင်ငံတော်အား ကူညီရန် တာဝန်ရှိသည် -

(က) အမျိုးသားယဉ်ကျေးမှုအမွေအနှစ်ကို ထိန်းသိမ်းစောင့်ရှောက်ခြင်း၊
(ခ) သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းစောင့်ရှောက်ခြင်း၊
(ဂ) လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး မြင့်မားလာစေရန် ကြိုးပမ်းခြင်း၊
(ဃ) အများပြည်သူပိုင်ပစ္စည်းများကို ထိန်းသိမ်းစောင့်ရှောက်ခြင်း။

၁၀

(ဃ) စီးပွားရေးဆိုင်ရာလုပ်ငန်းများကို နိုင်ငံပိုင်သိမ်းယူခြင်းမပြု၊
(င) တရားဝင်ထုတ်ဝေထားသော ငွေကြေးကို တရားမဝင်ငွေကြေးအဖြစ် သတ်မှတ်ခြင်းမပြု။

၃၇။ နိုင်ငံတော်သည် -

(က) နိုင်ငံတော်ရှိ မြေအားလုံး၊ မြေပေါ်မြေအောက်၊ ရေပေါ်ရေအောက် နှင့် လေထုအတွင်းရှိ သယံဇာတပစ္စည်းအားလုံး၏ ပင်ရင်းပိုင်ရှင် ဖြစ်သည်၊
(ခ) နိုင်ငံပိုင်သယံဇာတပစ္စည်းများအား စီးပွားရေးအင်အားစုများက ထုတ်ယူသုံးစွဲခြင်းကို ကွပ်ကဲကြီးကြပ်နိုင်ရန် လိုအပ်သည့်ဥပဒေ ပြဋ္ဌာန်းရမည်၊
(ဂ) နိုင်ငံသားများအား ပစ္စည်းပိုင်ဆိုင်ခွင့်၊ အမွေဆက်ခံခွင့်၊ ကိုယ်ပိုင်လုပ်ကိုင်ခွင့်၊ တီထွင်ခွင့်နှင့် မူပိုင်ခွင့်တို့ကို ဥပဒေပြဋ္ဌာန်းချက်နှင့်အညီ ခွင့်ပြုရမည်။

၃၈။ (က) နိုင်ငံသားတိုင်းသည် ဥပဒေနှင့်အညီ ရွေးကောက်တင်မြှောက်ခွင့်နှင့် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့် ရှိသည်၊
(ခ) ရွေးကောက်တင်မြှောက်ထားသော ပြည်သူ့ကိုယ်စားလှယ်ကို သက်ဆိုင်ရာမဲဆန္ဒရှင်များက ဤဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြဋ္ဌာန်းထားချက်များနှင့် အညီ တာဝန်မှပြန်လည်ရုပ်သိမ်းခွင့် ရှိသည်။

၃၉။ နိုင်ငံတော်သည် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ထွန်းကားရေးအတွက် နိုင်ငံရေးပါတီများကို [illegible]

**အချိန်၊ ၁၂:၀၄။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များရဲ့ ဆွေးနွေးချက်များနဲ့ ပတ်သက်ပြီး အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ပြန်လည်ကြားနာ ဆောင်ရွက်ဖို့ ဆုံးဖြတ်ပါတယ်။

**အမျိုးသားလွှတ်တော် ပညာရေးမြှင့်တင်မှုကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို အမျိုးသားလွှတ်တော်သို့ ဖတ်ကြားတင်သွင်းခြင်း**

**အချိန်၊ ၁၂:၀၄။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၇) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော် ပညာရေးမြှင့်တင်မှုကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို အမျိုးသားလွှတ်တော်သို့ ပေးပို့ထားပါတယ်။

ယခု ပညာရေးမြှင့်တင်မှုကော်မတီက အစီရင်ခံစာကို ဖတ်ကြားတင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၂:၀၅။**

**ဦးကျော်တုတ်၊ (အတွင်းရေးမှူး၊ ပညာရေးမြှင့်တင်မှုကော်မတီ)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ ဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ကာလအတွင်း ပညာရေးမြှင့်တင်မှုကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာကို ကော်မတီ အတွင်းရေးမှူးဖြစ်သူ ကျွန်တော် ဦးကျော်တုတ် က ကော်မတီ၏ တာဝန်ပေးချက်အရ ဖတ်ကြား တင်သွင်းမှာ ဖြစ်ပါတယ်။

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော်**
**ပဉ္စမပုံမှန်အစည်းအဝေးကာလအတွင်း ပညာရေးမြှင့်တင်မှုကော်မတီ၏**
**လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာ**

**နိဒါန်း**

၁။ တွေးခေါ်ကြံဆ ဝေဖန်ပိုင်းခြားနိုင်သောအသိဉာဏ်ရှိ၍ ဗလငါးတန်ပြည့်စုံသည့် နိုင်ငံ့သားကောင်းများဖြစ်ထွန်းရေးကို ဦးတည်လေ့ကျင့်ပေးရန်၊ ပြည်သူ့နီတိ၊ ဒီမိုကရေစီကျင့်စဉ်နှင့် လူ့အခွင့်အရေးဆိုင်ရာစံနှုန်းများဖြင့် ဥပဒေကိုလေးစားလိုက်နာသော နိုင်ငံ့သားကောင်းများဖြစ်လာစေရေးအတွက် လေ့ကျင့်ပြုစုပျိုးထောင်ပေးရန်၊ ပညာအခြေပြု လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုအတွက် လိုအပ်သော လူ့စွမ်းအားအရင်းအမြစ်များကို လေ့ကျင့်ပြုစု ပျိုးထောင်ပေးရန်ဟူသော ပညာရေး ရည်မှန်းချက်များ အကောင်အထည်ဖော်ပေးရေးတွင် ကူညီပေးရန် အမျိုးသားလွှတ်တော် ပညာရေး မြှင့်တင်မှုကော်မတီကို ဖွဲ့စည်းတာဝန်ပေးဆောင်ရွက်စေခဲ့ပါတယ်။

**ကော်မတီဖွဲ့စည်းတာဝန်ပေးအပ်ခြင်း**

၂။ ပညာရေးမြှင့်တင်မှုကော်မတီကို ၁၄-၃-၂၀၁၇ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁၂/၂၀၁၇) ဖြင့် အဖွဲ့ဝင်(၁၅)ဦးအပါ ပြင်ဆင်၊ ဖြည့်စွက်ကာ ဖွဲ့စည်း တာဝန်ပေးအပ်ခဲ့ပါတယ်။

**ကော်မတီ၏ဆောင်ရွက်ချက်များ**

၃။ ကော်မတီ၏လုပ်ငန်းဆောင်ရွက်မှုများအနေဖြင့် ယခု ပဉ္စမပုံမှန်အစည်းအဝေး ကာလအတွင်း ကော်မတီအစည်းအဝေးပေါင်း(၁၀)ကြိမ်၊ အမျိုးသားသင်ရိုးညွှန်းတမ်းကော်မတီ Hong Kong University မှ ဆရာ၊ ကျောင်းသား (၃၀)ဦးတို့နှင့် တွေ့ဆုံဆွေးနွေးခြင်း(၂)ကြိမ်၊ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ခွင့်ပြုချက်ဖြင့် နှီးနှောဖလှယ်ပွဲများ၊ အခမ်းအနားများ တက်ရောက်ခဲ့ခြင်း (၃၁)ကြိမ် ဆောင်ရွက်ခဲ့ပါတယ်။

**လေ့လာတွေ့ရှိချက်**

၄။ ပညာရေးမြှင့်တင်မှုကော်မတီသည် အောက်ပါတို့ကိုလေ့လာတွေ့ရှိရပါသည် -

(က) ပညာရေးကဏ္ဍကို ပြုပြင်ပြောင်းလဲအဆင့်မြှင့်တင်ရန်၊ ပညာရေးလုပ်ငန်းများကို စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်၊ အမျိုးသားပညာရေးဥပဒေပါ ရည်မှန်းချက်များ၊ မူဝါဒများချမှတ်ရန်၊ အမျိုးသားပညာရေးမူဝါဒကော်မရှင်ကို ဖွဲ့စည်းခြင်း၊ အမျိုးသားသင်ရိုးညွှန်းတမ်း ကော်မတီဖွဲ့စည်းခြင်း၊ အမျိုးသားပညာရေး အဆင့်အတန်းနှင့် အရည်အသွေးအာမခံမှု အကဲဖြတ်ရေး ကော်မတီတို့ ဖွဲ့စည်းအကောင်အထည်ဖော် ဆောင်ရွက်နေပြီဖြစ်ပါတယ်။

(ခ) အမျိုးသားသင်ရိုးညွှန်းတမ်းကော်မတီနှင့် တွေ့ဆုံဆွေးနွေးရာမှာ သင်ရိုးညွှန်းတမ်းအသစ်ပြုစုခြင်း လုပ်ငန်းအဆင့်ဆင့်ကို သိရှိရပါတယ်။ ၂၀၁၆ - ၂၀၁၇ ပညာသင်နှစ်မှ စတင်၍ သင်ရိုးသစ် KG စတင်ခဲ့ရာ ယခု ၂၀၁၇ - ၂၀၁၈ ပညာသင်နှစ်မှာ Grade 1 သင်ရိုးများကို ပြဋ္ဌာန်းသင်ကြားနေပြီဖြစ်ကြောင်းနှင့် ဆက်လက်၍ အခြေခံပညာသင်ရိုးများ နှစ်အလိုက်ပြဋ္ဌာန်းရန် ကိုယ်စားလှယ်တော်ကြီးများ လက်ဝယ် ဖြန့်ဝေပေးထားပြီးဖြစ်သည့် ဇယားအတိုင်း နှစ်အလိုက် လျာထားလုပ်ဆောင်လျက် ရှိပါတယ်။

(ဂ) Hongkong University မှ ဆရာများ၊ ကျောင်းသား/ကျောင်းသူများနှင့် တွေ့ဆုံဆွေးနွေးပွဲပြုလုပ်ခဲ့ရာ အဆိုပါပုဂ္ဂိုလ်များသည် မြန်မာနိုင်ငံတွင်းရှိ ပညာဒါနကျောင်းများတွင် အင်္ဂလိပ်စာသင်ကြားပေးနေကြောင်း၊ တစ်နှစ်လျှင် (၂) လ၊ (၅)နှစ် ရှိပြီဖြစ်ကြောင်း၊ ကလေးများသည် အင်္ဂလိပ်ဝေါဟာရများ အတော်များများ သိနေသော်လည်း ဝါကျရေးလျှင်သော်လည်းကောင်း၊ စကားပြောလျှင်သော်လည်းကောင်း အဆင်မပြေဘဲ အားနည်းမှုများရှိကြောင်း၊ သင်ကြားမှုပုံစံ လိုအပ်ချက်ကြောင့်ဟု ယူဆကြောင်း ဆွေးနွေးသိရှိရပါတယ်။

(ဃ) ကျောင်းသားဗဟိုပြု သင်ကြားရေးစနစ်သည် လက်တွေ့နယ်ပယ်မှာ ကျောင်းသား၊ ဆရာ အချိုး မမျှတမှုကြောင့် အသုံးပြု သင်ကြားနိုင်ခြင်း မရှိပါ။

(င) ၂၀၁၇ ခုနှစ် ပညာရေးမြှင့်တင်မှုအကောင်အထည်ဖော်ရေး နှီးနှောဖလှယ်ပွဲ (အဆင့်မြင့်ပညာကဏ္ဍ) ကို ကော်မတီဝင်များအားလုံး တက်ရောက်ခဲ့ရာ ၂၀၁၆ ခုနှစ် နှီးနှောဖလှယ်ပွဲတွင် ချမှတ်ခဲ့သော ရှေ့လုပ်ငန်းစဉ်များ၏ ဆောင်ရွက်ပြီးစီးမှုတို့ အနက် အဆင့်မြင့်ပညာဦးစီးဌာနမှ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ် (၁၅၇) ကျောင်းတို့ မိမိတို့ သဘောသဘာဝနှင့် ကိုက်ညီသော တက္ကသိုလ်အလိုက် University Charter များ ရေးဆွဲပြီးစီးမှု အခြေအနေများကို သိရှိရပါတယ်။ ၂၀၁၇ ခုနှစ်၊ နှီးနှောဖလှယ်ပွဲမှ ရှေ့လုပ်ငန်းစဉ် (၁၀)ရပ် ချမှတ်ခဲ့ရာ ၎င်းတို့အနက်မှ ကျောင်းသားသမဂ္ဂ ဖွဲ့စည်းတည်ထောင်ခြင်းဆိုင်ရာ ရှေ့လုပ်ငန်းစဉ်များ သိရှိခဲ့ရပါတယ်။

**အကြံပြုချက်များ**

၅။ ကော်မတီ၏အကြံပြုချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) ပညာရေးပြုပြင်ပြောင်းလဲခြင်း သင်ရိုးသစ်ဖြစ်သော KG နှင့် Grade 1 သင်ရိုး ပြဋ္ဌာန်းချက်သည် နိုင်ငံတကာသင်ရိုးညွှန်းတမ်းများနှင့် နှိုင်းယှဉ်ကာ မိမိတို့နိုင်ငံနှင့် ကိုက်ညီအောင် ရေးဆွဲထားသော သင်ရိုး ဖြစ်ပါတယ်။ သင်ရိုးပါ အကြောင်းအရာများသည် အလွတ်ကျက်မှတ်ရခြင်း မဟုတ်ဘဲ မြင်တွေ့၊ ထိတွေ့ခံစားစေခြင်း၊ ကျောင်းသားဗဟိုပြုနည်းဖြင့် ကျောင်းသားက စိတ်ဝင်စားပြီး စူးစမ်းမေးမြန်းစေခြင်းတို့ကို ဆရာ/ဆရာမများက ထိရောက်သော အကောင်အထည်ဖော်မှုဖြင့် ရည်မှန်းချက် ပေါက်ရောက်သော သင်ကြားမှုဖြစ်ရန် အကြံပြုပါတယ်။

(ခ) သင်ရိုးသစ်ရည်မှန်းချက်များကို ဆရာ/ဆရာမများ ဆင့်ကဲဆင့်ကဲ သိရှိနားလည်စေရန်နှင့် အားလုံးတက်ကြွစွာ အကောင်အထည်ဖော် သင်ကြားကြရန်၊ သင်ကြားနည်းသင်တန်းများကိုလည်း အပြည့်အဝပေးရန် အကြံပြုပါတယ်။

(ဂ) သင်ရိုးညွှန်းတမ်းကော်မတီအနေဖြင့် ကျောင်းသား/ကျောင်းသူများ သင်ရိုးသစ်ရည်မှန်းချက်များ ပေါက်ရောက်ပြည့်မီသည့် သင်ယူ၊ သင်ကြားမှု ရှိ/ မရှိ ဆန်းစစ်အကဲဖြတ်၍ လိုအပ်သလို ပြန်လည်ဖြည့်ဆည်းခြင်း သုံးသပ်မှုကို နှစ်စဉ်ပြုလုပ်ရန် အကြံပြုပါတယ်။

(ဃ) မြို့နယ်/ ခရိုင်/ ပြည်နယ်/ တိုင်း အဆင့်ဆင့် ကျောင်းစစ်ဆေးရေးများသည် သင်ကြားရေး ထိရောက်မှု ရှိ/ မရှိ၊ ဘဏ္ဍာရေး စနစ်တကျ အသုံးပြုမှု ရှိ/ မရှိ တို့ကို လာဘ်ပေးလာဘ်ယူမှု မပြုလုပ်ဘဲ တိကျစွာ စစ်ဆေးရန် အကြံပြုပါသည်။

(င) ဝေးလံခေါင်ဖျားသောဒေသ၊ သွားလာရ ခက်ခဲသောဒေသများတွင် တာဝန်ကျ ဆရာ၊ ဆရာမများ နေထိုင်ရေးအဆင်ပြေစေရန် ဝန်ထမ်းအိမ်ရာများ ဦးစားပေး ဆောင်ရွက်ရန် သို့မဟုတ် ဒေသခံဆရာ၊ ဆရာမများကို ဦးစားပေးခန့်ထားရန် အကြံပြုပါသည်။

(စ) တစ်နိုင်ငံလုံးအတိုင်းအတာနှင့် ဆရာ၊ ကျောင်းသားအချိုး မျှတသည်ဆိုသော်လည်းပဲ လက်တွေ့မြေပြင်မှာ ဆရာဦးရေ ပိုလျှံသည့် နေရာပိုလျှံပြီး လိုအပ်သည့်နေရာ လိုနေသောကြောင့် စိစစ်ဖြည့်ဆည်းဆောင်ရွက်ရန် အကြံပြုပါသည်။

(ဆ) ဆရာရော ကျောင်းသားများပါ တွေးခေါ်မျှော်မြင်ဆင်ခြင်မှု၊ ဗဟုသုတတိုးတက်ရန် အတွက် ကျောင်းတိုင်းတွင် စာကြည့်တိုက်များ တည်ရှိဖို့ ညွှန်ကြားဆောင်ရွက်ရန် အကြံပြုပါသည်။

(ဇ) တက္ကသိုလ်ဝင်ခွင့်ကို တက္ကသိုလ်ဝင်တန်းရမှတ် တစ်ခုတည်းအပေါ်တွင်သာ မူတည် ခွင့်ပြုခြင်းမဖြစ်စေဘဲ တက္ကသိုလ်အသီးသီးမှ တက္ကသိုလ်ပရိုညာဉ် စာတမ်းများနှင့် အညီ ဝင်ခွင့်ပုံစံများကို လက်တွေ့ကျကျ ရဲရဲ ဝံ့ဝံ့ မြန်ဆန်စွာ ပြောင်းလဲကျင့်သုံးရန် အကြံပြုပါသည်။

(ဈ) ပညာရေးတက္ကသိုလ်ဆင်း ဆရာ၊ ဆရာမလောင်းများသည် (၈) လကြာသည့်တိုင် တာဝန်ပေးအပ်ခံရခြင်း မရှိသေးသဖြင့် ယခင်ကကဲ့သို့ (၂) လအကြာ တာဝန်ပေး အပ်နိုင်ပါရန် အကြံပြုတိုက်တွန်းပါသည်။

**နိဂုံး**

၆။ အမျိုးသားလွှတ်တော်၊ ပညာရေးမြှင့်တင်မှုကော်မတီသည် ပြည်ထောင်စုသမ္မတမြန်မာ နိုင်ငံတော်၊ ပညာရေးဝန်ကြီးဌာန၊ အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း (၂၀၁၆-၂၀၂၁) အောင်မြင်ရေး ရှေးရှုလျက် ကော်မတီ၏တာဝန်နှင့်လုပ်ပိုင်ခွင့်များကို အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၏ လမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း လေးစားစွာတင်ပြအပ်ပါသည်။

ပညာရေးမြှင့်တင်မှုကော်မတီ
အမျိုးသားလွှတ်တော်

အားလုံးကို ကျေးဇူးတင်ပါတယ်။

**အမျိုးသားလွှတ်တော် ပညာရေးမြှင့်တင်မှု ကော်မတီ၏အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌကကြေညာခြင်း**

**အချိန်၊ ၁၂း၁၂။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၈) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် ပညာရေးမြှင့်တင်မှုကော်မတီ၏ အစီရင်ခံစာနှင့် စပ်လျဉ်း၍ ဆွေးနွေးမယ့်

လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ ယနေ့ ညနေ ၄ နာရီ (၁၆း၀၀) နာရီ နောက်ဆုံးထား၍ အမည်စာရင်း ပေးပို့ကြဖို့ ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို အမျိုးသားလွှတ်တော်သို့ ဖတ်ကြားတင်သွင်းခြင်း**

**အချိန်၊ ၁၂း၁၂။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၉) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို အမျိုးသားလွှတ်တော်သို့ ပေးပို့ထားပါတယ်။

ယခု သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာကော်မတီက အစီရင်ခံစာကို ဖတ်ကြားတင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၂း၁၃။**

**ဦးစခင်ဇော်လင်း၊ (အတွင်းရေးမှူး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီ)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ တက်ရောက်လာကြသော အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး အမှတ်(၂)မဲဆန္ဒနယ်မြေ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီ အတွင်းရေးမှူး ဦးစခင်ဇော်လင်း ဖြစ်ပါတယ်။

ဒီနေ့ကျင်းပတဲ့ အမျိုးသားလွှတ်တော်ရဲ့ (၃၄) ရက်မြောက်နေ့ အစည်းအဝေးမှာ ကော်မတီရဲ့ တာဝန်ပေးချက်အရ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီရဲ့ လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာကို ကျွန်တော်က ဖတ်ကြားတင်ပြသွားမှာ ဖြစ်ပါတယ်။ အစီရင်ခံစာ မဖတ်ကြားခင်မှာ လိုအပ်တဲ့နေရာတွေမှာ အပိုင်းလိုက်၊ အပိုင်းလိုက် Power Point ကို အသုံးပြုခွင့်ပေးဖို့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးအား ကြိုတင်ခွင့်ပန်ကြားအပ်ပါတယ်ခင်ဗျား။

လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံရှိ Pan Aust Myanmar ၏ တူးဖော်ဆဲ သတ္တုမိုင်းများအား ၉-၆-၂၀၁၇ ရက်နေ့ မှ ၁၁-၆-၂၀၁၇ ရက်နေ့အထိ လေ့လာရေးခရီး သွားရောက်သည့် မြင်ကွင်းပုံ (ညည)



ကုမ္ပဏီမှ စွန့်ပစ်မြေစာများ ဝါးဘိုးချောင်းအတွင်း ကျဆင်းနေသည့် မြင်ကွင်းပုံ (ညည-၁)



# ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေးကာလအတွင်း သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာ

## နိဒါန်း

၁။ 　သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီကို နိုင်ငံတော်အတွင်း ရှိ သဘာဝသယံဇာတများ အခြေအနေသိရှိရန်နှင့် ဒေသတွင်း နေထိုင်လျက်ရှိကြသော ပြည်သူလူထု အနေဖြင့် သယံဇာတများအား ဥပဒေနှင့်အညီ ထုတ်လုပ်ခံစားခွင့်ရရှိနိုင်ရေးနှင့် အခြေခံလူတန်းစား တို့ လူမှုစီးပွားရေး ပိုမိုမြင့်မားလာစေရေးအတွက် ဖွဲ့စည်းထားခြင်းဖြစ်ပါသည်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေးကာလအတွင်း ကော်မတီ၏ လုပ်ငန်းဆောင်ရွက်ခဲ့မှု အကျဉ်းချုပ်ကို ပြုစုတင်ပြခြင်း ဖြစ်ပါသည်။

## ရည်ရွယ်ချက်

၂။ 　တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးတွင် ဖြစ်ထွန်းလျက်ရှိသော သဘာဝသယံဇာတ သတ္တုများ၊ သစ်ပင်၊ သစ်တောများ၊ စက်မှုတွင်းထွက်ကုန်ကြမ်းများ၊ ကုန်းတွင်းရေနံနှင့် သဘာဝ ဓါတ်ငွေ့များကို မိမိတိုင်းဒေသကြီး၊ ပြည်နယ်တွင် ထုတ်လုပ်နိုင်ရန်အတွက် တိုင်းရင်းသားပြည်သူ များမှသိရှိပြီး သယံဇာတ တူးဖော်လုပ်ကိုင် ရောင်းချရေးလုပ်ငန်းများအား ခေတ်မီသော နည်းပညာ များဖြင့် စနစ်တကျ ဆောင်ရွက်လာစေရန်အတွက် ရည်ရွယ်၍ ဖွဲ့စည်းထားခြင်းပါသည်။

## ကော်မတီဖွဲ့စည်းခြင်း

၃။ 　အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက သတ္တုသယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဆိုင်ရာ ကော်မတီကို အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၇၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေများ၏ နည်းဥပဒေ ၁၀၆၊ ၁၀၇ အရ ၂၂-၂-၂၀၁၆ ရက်နေ့တွင် ကော်မတီဝင် (၁၅) ဦးဖြင့် စတင်ဖွဲ့စည်းခဲ့ပြီး ဒုတိယအကြိမ် ၁၄-၃-၂၀၁၇ ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ် ၁၅/ ၂၀၁၆၊ စာအမှတ် ၁၀၀/အမလ/၁-၃(ကော်မတီ) ၂၀၁၇(၁၉၄)ဖြင့် အောက်ပါကော်မတီအဖွဲ့ဝင်(၁၅) ဦးဖြင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီ ဟူ၍ အမည်ပြောင်းလဲ ဖွဲ့စည်းခဲ့ပါသည်-

| | | | |
|---|---|---|---|
| (က) | ဦးကျော်သီဟ | မဲဆန္ဒနယ်အမှတ်(၁၂)၊ မန္တလေးတိုင်းဒေသကြီး | ဥက္ကဋ္ဌ |
| (ခ) | ဦးစောမိုးမြင့်(ခ) ဆင်မြူရယ် | မဲဆန္ဒနယ်အမှတ်(၁)၊ကရင်ပြည်နယ် | အဖွဲ့ဝင် |
| (ဂ) | ဦးခင်မောင်မြင့် | မဲဆန္ဒနယ်အမှတ်(၉)၊ကချင်ပြည်နယ် | အဖွဲ့ဝင် |
| (ဃ) | ဦးရဲထွဋ်မြို | မဲဆန္ဒနယ်အမှတ်(၅)၊စစ်ကိုင်းတိုင်းဒေသကြီး | အဖွဲ့ဝင် |
| (င) | ဦးခင်မောင်ဝင်း | မဲဆန္ဒနယ်အမှတ်(၇)၊စစ်ကိုင်းတိုင်းဒေသကြီး | အဖွဲ့ဝင် |

| | | | |
|---|---|---|---|
| (စ) | ဦးညီစိန် | မဲဆန္ဒနယ်အမှတ်(၅)၊ရှမ်းပြည်နယ် | အဖွဲ့ဝင် |
| (ဆ) | ဒေါ်သီရိရတနာ | မဲဆန္ဒနယ်အမှတ်(၁၂)၊မွန်ပြည်နယ် | အဖွဲ့ဝင် |
| (ဇ) | ဦးစိုင်းသာစိန် | မဲဆန္ဒနယ်အမှတ်(၁၀)၊ကယားပြည်နယ် | အဖွဲ့ဝင် |
| (ဈ) | ဒေါ်ရှားမူ | မဲဆန္ဒနယ်အမှတ်(၅)၊ကယားပြည်နယ် | အဖွဲ့ဝင် |
| (ည) | ဦးဟန်ဝင်းသိန်း | မဲဆန္ဒနယ်အမှတ်(၄)၊တနင်္သာရီတိုင်းဒေသကြီး အဖွဲ့ဝင် | |
| (ဋ) | ဦးမြင့်နိုင် | မဲဆန္ဒနယ်အမှတ်(၅)၊ရခိုင်ပြည်နယ် | အဖွဲ့ဝင် |
| (ဌ) | ဦးထွန်းထွန်းဦး | မဲဆန္ဒနယ်အမှတ်(၂)၊မန္တလေးတိုင်းဒေသကြီး | အဖွဲ့ဝင် |
| (ဍ) | ဦးမောင်မောင်အုန်း | မဲဆန္ဒနယ်အမှတ်(၅)၊ဧရာဝတီတိုင်းဒေသကြီး | အဖွဲ့ဝင် |
| (ဎ) | ဗိုလ်မှူးကြီး သန်းဌေး | တပ်မတော်သားကိုယ်စားလှယ် | အဖွဲ့ဝင် |
| (ဏ) | စခင်ဇော်လင်း | မဲဆန္ဒနယ်အမှတ်(၂)၊ဧရာဝတီတိုင်းဒေသကြီး | အတွင်းရေးမှူး |

တို့ပဲ ဖြစ်ပါတယ်။

**ကော်မတီအစည်းအဝေး ကျင်းပခြင်း**

၄။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီသည် ဒုတိယအကြိမ်၊ အမျိုးသားလွှတ်တော်၊ ပဉ္စမပုံမှန်အစည်းအဝေးတွင် အစည်းအဝေး (၉)ကြိမ် ပြုလုပ်ခဲ့ပါသည်။ အဲဒါတွေကတော့ ကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေး (၆)ကြိမ်၊ ပြည်တွင်းအဖွဲ့အစည်းများနှင့် တွေ့ဆုံခြင်း (၂)ကြိမ်၊ မြန်မာနိုင်ငံကျောက်မျက်ရတနာ လုပ်ငန်းရှင်များအသင်းနှင့် တွေ့ဆုံ ဆွေးနွေးခြင်း (Debate) (၁)ကြိမ်၊ စုစုပေါင်း(၉)ကြိမ် ဖြစ်ပါတယ်။

ပထမဆုံးအနေနဲ့ ကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေး(၆)ကြိမ်ကို ဦးစွာ တင်ပြသွားမှာ ဖြစ်ပါတယ်။ ၂၂-၅-၂၀၁၇ ရက်နေ့မှာ ကော်မတီညှိနှိုင်းအစည်းအဝေး (၁) ကြိမ်၊ ၁-၆-၂၀၁၇ ရက်နေ့မှာ ကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁)ကြိမ်၊ ၉-၆-၂၀၁၇ ရက်နေ့မှာ ကော်မတီဝင်လုပ်ငန်း ညှိနှိုင်းအစည်းအဝေး (၁) ကြိမ်၊ ၁၄-၆-၂၀၁၇ ရက်နေ့မှာ ကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁) ကြိမ်၊၂၈-၆-၂၀၁၇ ရက်နေ့မှာ ကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေး(၁)ကြိမ်၊ ၁၄-၇-၂၀၁၇ ရက်နေ့ မှာ ကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁) ကြိမ် စုစုပေါင်း (၆)ကြိမ် ပြုလုပ်ခဲ့ပါတယ်။

ကျေးဇူးပြုပြီးတော့ Power Point ဖွင့်ပေးပါရန် မေတ္တာရပ်ခံပါတယ်။ နောက် နည်းနည်း ပြန်ဆုတ်ပါခင်ဗျား။ နောက်ပြန်ဆုတ်ပေးပါဦး။ ဟုတ်ကဲ့ ဒါအစပါ။ ရှေ့နည်းနည်း တိုးပေးပါ။ ဒါကတော့ ကျွန်တော်တို့ သတ္တုသယံဇာတကော်မတီရဲ့ လုပ်ငန်းညှိနှိုင်းမှုအစည်းအဝေး ကျင်းပနေတဲ့ပုံ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကိုယ်စားလှယ်ကြီး အစီရင်ခံ ကိုယ်စားလှယ်ကြီး၊ နည်းနည်းလိုရင်းလေးပဲ ပြောပေးပါ။

**ဦးစခင်ဇော်လင်း (အတွင်းရေးမှူး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဆိုင်ရာ ကော်မတီ)**။ ။ ဟုတ်ကဲ့ ခင်ဗျား။ နောက်တစ်ပုံ ဆက်ပေးပါ။ ဒါကတော့ ကျွန်တော်တို့ ပြည်တွင်းပြည်ပအဖွဲ့အစည်းနဲ့ တွေ့ဆုံနေပုံဖြစ်ပါတယ်။ နောက်တစ်ပုံ ဆက်ပြီးတော့ ကျော်ပေးပါ။ ဒီပုံကတော့ ကျွန်တော်တို့ မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းနဲ့ တွေ့ဆုံတဲ့ပုံ ဖြစ်ပါတယ်။ ဆက်ပြီးတော့ Power Point အဲဒီအတိုင်း ထားပေးပါခင်ဗျာ။

ဆက်လက်ပြီး ပြည်တွင်းပြည်ပနဲ့ တွေ့ဆုံမှုကို ဆက်ပြီးတော့ တင်ပြသွားမှာ ဖြစ်ပါတယ်။ ၉-၆-၂၀၁၇ ရက်နေ့မှာ ကျွန်တော်တို့ Natural Resource Governance Institute (NRGI)'s နှင့်လည်းကောင်း၊ ၁၄-၆-၂၀၁၇ ရက်နေ့မှာ ရန်ကုန်မြို့မှာ Coffey A TETAR TECH Company (၁) ကြိမ်နဲ့လည်းကောင်း၊ (၂) ကြိမ်တိတိ တွေ့ဆုံဆွေးနွေးခဲ့ပါတယ်။ စောစောကတင်ပြထားတဲ့ Power Point ဖြစ်ပါတယ်။

ဆက်လက်ပြီးတော့ မြန်မာနိုင်ငံကျောက်မျက်ရတနာအသင်းနဲ့ (Debate) တွေ့ဆုံခဲ့တဲ့ အကြောင်းကို တင်ပြမှာဖြစ်ပါတယ်။ ၁၂-၇-၂၀၁၇ ရက်နေ့မှာ ကော်မတီအဖွဲ့ဝင်(၁၃) ဦး တက်ရောက်ပြီးတော့ မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း တာဝန်ရှိပုဂ္ဂိုလ်များနဲ့ ၂၀၁၇ ခုနှစ်၊ မြန်မာ့ကျောက်မျက်ရတနာဥပဒေကြမ်းနှင့် စပ်လျဉ်းပြီးတော့မှ ဘူမိအခြေခံနဲ့ တူးဖော်ရေးစနစ် အကြောင်းကို ရှင်းလင်းတင်ပြပွဲ အခမ်းအနားကို ပြုလုပ်ခဲ့တာ ဖြစ်ပါတယ်။ ဒီပုံဖြစ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ ဆက်လက်ပြီးတော့ ဖတ်ကြားခွင့်ပြုပါခင်ဗျား။

၅။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီအနေဖြင့် ၂၀၁၇ ခုနှစ်၊ မြန်မာ့ကျောက်မျက်ရတနာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း(၁) ခု တင်သွင်းခဲ့ပါတယ်။ မြန်မာ့ကျောက်မျက်ရတနာဥပဒေကို (တတိယ)အကြိမ် ပြင်ဆင်သည့် ဥပဒေ(မူကြမ်း)အား ၂၂-၉-၂၀၁၆ ရက်နေ့တွင် အမျိုးသားလွှတ်တော်သို့ တင်သွင်းပြီးဖြစ်ပါတယ် ခင်ဗျား။ မြန်မာ့ကျောက်မျက်ရတနာ ဥပဒေကို ၁၉၉၅ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့ပြီး ပုဒ်မ (၅၄)ခု ပါဝင်ခဲ့ပါတယ်။ မြန်မာ့ကျောက်မျက်ရတနာ ဥပဒေကို ပြင်ဆင်သည့်ဥပဒေကို ၂၀၀၃ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့ပြီး ပြင်ဆင်ချက်(၁၉)ချက် ပါဝင်ပြီး ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကို ၂၀၁၆ ခုနှစ်မှာ ပြဋ္ဌာန်းခဲ့ပြီး ပြင်ဆင်ချက် (၉၄)ခု ပါဝင် ခဲ့ပါတယ်။ ယခု တတိယအကြိမ် ဥပဒေကြမ်းကို လွှတ်တော်မှ တင်သွင်းခဲ့ရာ ပြင်ဆင်ချက် (၁၉) ချက် ဖြင့် တင်သွင်းခဲ့ပြီးလည်း ဖြစ်ပါတယ်ခင်ဗျား။ ၂၀၁၇ ခုနှစ်၊ မြန်မာ့ကျောက်မျက်ရတနာ ဥပဒေကြမ်း အား ရည်ရွယ်ချက်၊ ကျိုးကြောင်းဖော်ပြချက်တို့နှင့်အတူ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၈၂(ခ) အရ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌထံ ၁၅-၂-၂၀၁၇ ရက်နေ့တွင် ဥပဒေကြမ်း တင်သွင်းခဲ့ ပါသည်။ ဥပဒေကြမ်းကော်မတီမှ အဆိုပါဥပဒေကြမ်းအား သက်ဆိုင်ရာပုဂ္ဂိုလ်များအား ခေါ်ယူ၍ ဆွေးနွေးမှုများ ပြုလုပ်ခဲ့ပါတယ်။

**ကော်မတီကွင်းဆင်းဆောင်ရွက်ချက်များ**

၆။ ဆက်လက်ပြီးတော့ ကွင်းဆင်းဆောင်ရွက်မှုများကို ဖော်ပြသွားမှာဖြစ်ပါတယ်။ ကျေးဇူးပြု၍ Power Point ကို ရှေ့နည်းနည်းတိုးပေးပါခင်ဗျား။ ဒီပုံတွေဟာ ဒါ ကျွန်တော်တို့ ကချင်ပြည်နယ်၊ ဖားကန့်မြို့နယ်မှာ ကွင်းဆင်းကြည့်ရှုခဲ့တာဖြစ်ပါတယ် ခင်ဗျား။ ဒီပုံတွေက ဒါ ကျနော်တို့ ကိုယ်တိုင် ကွင်းဆင်းထားခဲ့တဲ့ ပုံတွေဖြစ်ပါတယ် ခင်ဗျား။ ဒါကလည်းပဲ ဖားကန့်မြို့နယ်မှာ ကွင်းဆင်းခဲ့တဲ့ ပုံတွေဖြစ်ပါတယ်ခင်ဗျား။ ဒီပုံတွေကလည်း ကွင်းဆင်းခဲ့တဲ့ပုံဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

ဆက်လက်ပြီးတော့ သတ္တုသယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီရဲ့ ကွင်းဆင်းလေ့လာချက် (၄)ကြိမ်ကို ဆက်လက်တင်ပြခွင့် ပြုပါခင်ဗျား။ (က)ကချင်ပြည်နယ်၊ ဖားကန့်မြို့နယ် ဆိပ်မူကျေးရွာအုပ်စုနှင့် လုံးခင်းကျေးရွာအုပ်စုအတွင်းရှိ ကျောက်စိမ်းတူးဖော်သောကုမ္ပဏီများမှ မြေစာများ စွန့်ပစ်မှုတို့ကြောင့် သဘာဝပတ်ဝန်းကျင် ထိခိုက်ခြင်းအား တင်ပြလာခြင်းနှင့် စပ်လျဉ်း၍ ကော်မတီမှ ကွင်းဆင်းလေ့လာမှုများကို ပြုခဲ့ပြီးတော့ အကြံပြုချက်များကိုလည်းပဲ ၂-၅-၂၀၁၇ ရက်နေ့တွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌထံသို့ တင်ပြပြီးပါပြီ။ (ခ) မန္တလေးတိုင်းဒေသကြီး၊ စဥ့်ကူးမြို့နယ်၊ နတ်တောင်ကျေးရွာအုပ်စုမှ ဦးမျိုးအေးပါ (၁၂၀၄) ဦး၏ တိုင်ကြားစာနှင့် စပ်လျဉ်း၍ ကော်မတီမှ ကွင်းဆင်းလေ့လာတွေ့ရှိချက်များကို ၇-၇-၂၀၁၇ ရက်နေ့တွင် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးထံ တင်ပြခဲ့ပြီး ဖြစ်ပါတယ်ခင်ဗျား။ (ဂ) မန္တလေးတိုင်းဒေသကြီး၊ သပိတ်ကျင်းမြို့နယ်၊ ချောင်းကြီးကျေးရွာအုပ်စု၊ ရေထွက်ကျေးရွာနေ ဒေါ်ညွန့် ရဲ့ တိုင်ကြားစာအရ ကွင်းဆင်းလေ့လာစိစစ်တွေ့ရှိချက်၊ ၇-၇-၂၀၁၇ ရက်နေ့တွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌထံ တင်ပြခဲ့ပြီးဖြစ်ပါသည်။(ဃ) မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ သာစည်မြို့နယ်၊ ဦးလှထွန်းထွန်းမင်း ၏ တိုင်ကြားစာနှင့် စပ်လျဉ်း၍ ပြည်ညောင်ကျေးရွာရှိ ရွှေတောင်ကုမ္ပဏီ၏ အပါချီ ဘိလပ်မြေစက်ရုံသို့ ၂၂-၇-၂၀၁၇ ရက်နေ့တွင် ကွင်းဆင်းလေ့လာ သွားရောက်ခဲ့ပြီး ဖြစ်ပါတယ်ခင်ဗျား။

**ပြည်ပခရီးစဉ်**

၇။ ပြည်ပခရီးစဉ်အနေဖြင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီမှ ဥက္ကဋ္ဌ ဦးကျော်သီဟ၊ အဖွဲ့ဝင်များဖြစ်ကြသည့် ဦးခင်မောင်ဝင်း၊ ဦးခင်မောင်မြင့်၊ ဦးဟန်ဝင်းသိန်း၊ ဒုတိယဗိုလ်မှူးကြီး ထွန်းမြင့်၊ ဒေါ်သီရိရတနာ၊ ဒေါ်ရှားမူ တို့သည် ၉-၅-၂၀၁၇ ရက်နေ့မှ ၁၁-၅-၂၀၁၇ ရက်နေ့အထိ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံရှိ Pan Aust Myanmar ၏ တူးဖော်ဆဲ သတ္တုမိုင်းများအား လေ့လာရေးသွားရောက်ခဲ့ပါသည်။ ကျေးဇူးပြု၍ Power Point ဆက်ပြီး တင်ပြခွင့်ပြုပါ။ ဒီပုံတွေဟာ ဒါ လာအိုနိုင်ငံကို သွားရောက်ပြီးတော့ လေ့လာခဲ့တဲ့ ပုံဖြစ်ပါတယ်။ ဒီဘက်ကတော့ လာအိုနိုင်ငံရဲ့ လွှတ်တော် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဥက္ကဋ္ဌနဲ့ တွေ့ဆုံခဲ့တာ ဖြစ်ပါတယ်။ ဒီဘက်က သတ္တုရိုင်းကျောက် ကြိတ်ခွဲနေတဲ့စက်ကို လေ့လာနေတာ ဖြစ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ Power Point ကို ပိတ်လို့ရပါပြီ။ ကျေးဇူးတင်ပါတယ်။

**ကော်မတီ၏အကြံပြုသုံးသပ်ချက်များ**

၈။ ကော်မတီမှ အောက်ပါတို့ကို သုံးသပ်အကြံပြုပါသည်-

(က) သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီ ဖြစ်သောကြောင့် မြန်မာနိုင်ငံအတွင်းရှိ သဘာဝသယံဇာတများ (Natural Resources) ကို ခွဲဝေသုံးစွဲခြင်း၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းခြင်း (Environmental Conservation) နှင့် ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်သုံးစွဲခြင်း(Renewable Energy)၊ ရေရှည်တည်တံ့သည့် စွမ်းအင်သုံးစွဲခြင်း (Sustainable Energy) တို့နှင့် အဓိက ဆက်နွယ်နေပါသည်။ ထို့ကြောင့် သတ္တု၊ ကျောက်မျက်၊ ကျောက်မီးသွေး၊ ရေနံတို့နှင့် ပတ်သက်ပြီး အဓိကဥပဒေများကို စိစစ်ရပါမည်။ နည်းဥပဒေများကိုလည်း အမြန်ဆုံးထွက်ရှိအောင် တွန်းအားပေးရပါမည်။ သစ်တော ဥပဒေ၊ နည်းဥပဒေအနေဖြင့် ကိုလိုနီခေတ်မှစတင်၍ ခေတ်အဆက်ဆက် ပြောင်းလဲတည်ရှိလာသော ဥပဒေ၊ နည်းဥပဒေများ ထွက်ရှိပါသည်။ သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် စီမံခန့်ခွဲသူများမှ တရားဥပဒေနှင့်အညီ လိုက်နာကျင့်သုံးဆောင်ရွက်ရန် လိုအပ်ပါသည်။

(ခ) မြန်မာ့သတ္တုတွင်းဥပဒေမှာ ဥပဒေထွက်ရှိပြီး အတည်ဖြစ်သော်လည်း နည်းဥပဒေ မထွက်ရှိသေးသဖြင့် သတ္တုတူးဖော်ထုတ်လုပ်ခြင်း လုပ်ငန်းများကို ထိန်းသိမ်းစီမံခန့်ခွဲလုပ်ဆောင်ရာတွင် အခက်အခဲများဖြစ်ပေါ်၍ တရားဥပဒေနှင့်အညီဆောင်ရွက်နိုင်မှု အားနည်းနေသည်ကို မြင်တွေ့ရပါသည်။

(ဂ) ၂၀၁၇ ခုနှစ်၊ မြန်မာ့ကျောက်မျက်ရတနာဥပဒေကြမ်းကို ရေးဆွဲပြီးသော်လည်း (၅)လ ကျော်ကြာသည့်အထိ ဥပဒေအဖြစ် အတည်မပြုနိုင်သေးပါ။ မြန်မာ့ကျောက်မျက်ရတနာဥပဒေမထွက်သေးသည့်အတွက် နည်းဥပဒေလည်း မထွက်ရှိနိုင်သေးပါ။ စနစ်ကျနသော ဥပဒေများနှင့်အညီ မြန်မာ့ကျောက်မျက်ရတနာများကို ထုတ်လုပ်ရောင်းချခြင်း မပြုနိုင်သောကြောင့် နိုင်ငံတော်အနေဖြင့် ရသင့်ရထိုက်သော အခွင့်အရေးများ ဆုံးရှုံးနစ်နာနေပါသည်။ ဥပဒေစိုးမိုးမှု အားနည်းသောကြောင့် နိုင်ငံသားပြည်သူများ အသက်အိုးအိမ် စည်းစိမ်များဆုံးရှုံးခြင်း၊ အကျင့်စာရိတ္တများ ပျက်ယွင်းပြီး လူမှုဘဝများကိုများစွာ ဆုံးရှုံးနစ်နာနေရပါသည်။ ကျောက်မျက်တူးဖော်ထုတ်လုပ်ရာ ဒေသရှိ သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်ကို များစွာ ထိခိုက်နစ်နာစေသဖြင့် နိုင်ငံပိုင် သတ္တုသယံဇာတများ တူးဖော် ထုတ်လုပ်ခြင်း လုပ်ငန်းများကို စနစ်တကျ တရားဥပဒေနှင့်အညီ စီမံခန့်ခွဲအုပ်ချုပ်နိုင်ရန်အတွက် လိုအပ်သည့်ဥပဒေ၊ နည်းဥပဒေများကို အမြန်ဆုံးထွက်ရှိစေရန် သက်ဆိုင်ရာ ကဏ္ဍအသီးသီးမှ ယခုထက်ပို၍ အားထုတ်ကြိုးပမ်းဆောင်ရွက်သင့်ကြောင်း အကြံပြုတင်ပြအပ်ပါသည်။

**နိဂုံး**

၉။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီအား နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၄)၊ ပုဒ်မ ၁၄၇(ဂ)အရ လည်းကောင်း၊ အမျိုးသားလွှတ်တော်ဆိုင်ရာဥပဒေ ပုဒ်မ ၂၇၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေများ၏နည်းဥပဒေ ၁၀၆၊ ၁၀၇ အရ ဖွဲ့စည်းထားပြီး လွှတ်တော်၏ လုပ်ငန်းစဉ်ဖြစ်သော ဥပဒေပြုခြင်း၊ အစိုးရ၏လုပ်ငန်းဆောင်တာများအား စောင့်ကြည့်ကြီးကြပ်ခြင်းနှင့် ဘတ်ဂျက်စိစစ်ခြင်းလုပ်ငန်းများအား လွှတ်တော်၏ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆောင်ရွက်နိုင်ခဲ့ပါကြောင်း အစီရင်ခံတင်ပြအပ်ပါသည်။

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်
ထိန်းသိမ်းရေးဆိုင်ရာကော်မတီ

အားလုံးကို ကျေးဇူးတင်ပါတယ်။

**အမျိုးသားလွှတ်တော် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီ၏ အစီရင်ခံစာနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း**

**အချိန်၊ ၁၂း၂၆။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၁၀)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီ၏ အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ ယနေ့ (၁၆း၀၀) နာရီ နောက်ဆုံးထား၍ အမည်စာရင်း ပေးပို့ကြဖို့ ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော် တောင်သူလယ်သမားရေးရာကော်မတီ၏ အစီရင်ခံစာနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်က ဆွေးနွေးခြင်း**

**အချိန်၊ ၁၂း၂၆။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၁၁)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် တောင်သူလယ်သမားရေးရာ ကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာကို ဆွေးနွေးရန် အမည်စာရင်း တင်သွင်းထားတဲ့ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါ်မေသန်းနွဲ့ ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၂း၂၇။**

**ဒေါ်မေသန်းနွဲ့၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)**။ ။ လေးစားရပါသော ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော် ကိုယ်စားလှယ်များ အားလုံးမင်္ဂလာပါရှင်။ ကျွန်မကတော့ ဧရာဝတီ တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်မေသန်းနွဲ့ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ ကျွန်မအနေနဲ့ တောင်သူလယ်သမားရေးရာကော်မတီရဲ့ အစီရင်ခံစာကို ထောက်ခံအကြံပြု ဆွေးနွေးသွားမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံ၏ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် တောင်သူလယ်သမားများ၏ လူမှုစီးပွားဘဝ မြှင့်တင်နိုင်ရေးအတွက် ရည်ရွယ်ပြီးဖွဲ့စည်းထားတဲ့ အတွက်ကြောင့် ဒီကော်မတီသည် အလွန်အရေးပါတဲ့ ကော်မတီတစ်ခုဖြစ်ပါတယ်။ ကော်မတီရဲ့ အစီရင်ခံစာမှာ လုပ်ငန်းဆောင်ရွက်ချက် (၆)ချက်နဲ့ အကြံပြုချက် (၅)ချက်ဖော်ပြထားပါတယ်။ ပထမ ဦးဆုံးအချက်အနေနဲ့ တောင်သူလယ်သမားများ၏ လယ်သိမ်း၊ မြေသိမ်း မြေယာမှုခင်းများကြောင့် ကော်မတီတွင် (၅)လအတွင်းတိုင်စာပေါင်း (၃၂၇)စောင်ရှိတယ်လို့ သိရတဲ့အတွက် တောင်သူလယ် သမားများ၏ ခံစားချက်ကို မှန်းဆနိုင်မှာဖြစ်ပါတယ်ရှင်။ တိုင်စာများ၏ အခြေအနေအပေါ် မူတည်၍ လယ်သမားများနစ်နာဆုံးမှုများ မဖြစ်ရလေအောင် ကွင်းဆင်းဆောင်ရွက်သင့်ကြောင်း အကြံပြုရပါတယ်။ ယခုအစိုးရသစ်လက်ထက်မှာ ဒုတိယသမ္မတအသစ်ဦးဆောင်သော လယ်ယာမြေနှင့်အခြားမြေများ စိစစ်ရေးကော်မတီမှ နည်းမျိုးစုံဖြင့်သိမ်းဆည်းခြင်းခံရသော လယ်ယာမြေများကို ပြန်လည်စိစစ်၍ တောင်သူများသို့ ပေးအပ်နေပြီဖြစ်လို့ တောင်သူလယ်သမားများရဲ့ကိုယ်စား ကျေးဇူးတင်ရပါတယ်ရှင်။

ဒုတိယဆွေးနွေးချင်တဲ့အချက်ကတော့ ဒီအစီရင်ခံစာမှာ (၂၀၁၂)လယ်ယာ မြေဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဒီကော်မတီသည် ဥပဒေကြမ်းအဖွဲ့ဝင်များ သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့မှ တာဝန်ရှိသူများနှင့် စုစုပေါင်း(၂)ကြိမ်ဆွေးနွေးတယ်လို့ ဖော်ပြထားပါတယ်။ ဆွေးနွေးတဲ့အကြိမ်အရေအတွက် နည်းသည်လို့ယူဆရပါတယ်။ ဘာကြောင့်လဲ ဆိုရင် မြန်မာနိုင်ငံရဲ့လူဦးရေအများစုဟာ တောင်သူလယ်သမားများ ဖြစ်ကြပြီး လယ်ယာမြေဥပဒေသည် တောင်သူလယ်သမားများနဲ့ တိုက်ရိုက်ဆက်စပ်နေတဲ့ ဥပဒေဖြစ်လို့ပါရှင်။

ကျွန်မဆက်လက်ပြီး ဆွေးနွေးချင်တာကတော့ ပြည်ထောင်စုဝန်ကြီးများနှင့် တွေ့ဆုံခြင်း ဆိုတဲ့အချက်ဖြစ်ပါတယ်။ ဒီကော်မတီသည် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ မြေကြီးမြေပုံမှန်ကန်ရေး၊ ပုံစံ(၇)နှင့် သက်ဆိုင်သည့်လုပ်ငန်း အခြေအနေ များနှင့် စပ်လျဉ်း၍လည်းကောင်း၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် မှ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ Two Step Loan အစီအစဉ်များကိုလည်းကောင်း၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ မြစိမ်းရောင်စီမံကိန်းများ၊ လူထုဗဟိုပြုစီမံကိန်းများ ဆောင်ရွက်နေမှုများကို ဆွေးနွေးတယ်ဆို၍ ထိုကော်မတီကို ကျေးဇူးတင်မိပါတယ်ရှင်။ လယ်သမား များအတွက် အကျိုးရှိမည့် ဆွေးနွေးမှုများလို့ ယုံကြည်မိပါတယ်။ ဒီနေရာမှာ ဖြည့်စွက်ဆွေးနွေးချင် တာကတော့ စက်မှုလယ်ယာဦးစီးဌာနမှာ ဆောင်ရွက်နေတဲ့ ဧက(၁၀၀) စံပြစိုက်ကွင်းများ ဖြစ်ပါတယ်ရှင်။ ကျွန်မရဲ့ မဲဆန္ဒနယ် ဘိုကလေးမြို့မှာ (၂၀၁၄-၂၀၁၅) မှ စတင်အကောင်အထည်ဖော် ဆောင်ရွက် နေတဲ့ ဧက (၁၀၀) စက်မှုစီမံကိန်းများသည် ဧက (၁၀၀) စီမံကိန်းဟုဆိုသော်လည်း တကယ့်လက်တွေ့ မှာ ဧက (၅၀) ပတ်ဝန်းကျင်သာ ဆောင်ရွက်နေကြပါတယ်။ ရည်ရွယ်ချက်ကောင်းပါသော်လည်း သတ်မှတ်ထားတဲ့ကာလမှာ အကောင်အထည်ဖော် ဆောင်ရွက်မှုအားနည်းနေတာကြောင့် တောင်သူများ အယုံအကြည်မဲ့နေကြပါတယ်။ ဒါကြောင့် သက်ဆိုင်ရာဝန်ကြီးဌာနမှ ဒေသခံလယ်သမားများအတွက် အကျိုးမဖြစ်ထွန်းသော စီမံကိန်းများကို ပြန်လည်သုံးသပ်သင့်ပါကြောင်း အကြံပြုရပါတယ်ရှင်။

ဥက္ကဋ္ဌကြီးရှင်။ နောက်ဆုံးဆွေးနွေးချင်တာကတော့ ကော်မတီ၏ အစီရင်ခံစာတွင် အကြံပြုချက် (၅)ချက် ဖော်ပြထားပါတယ်။ တောင်သူများအတွက် အကျိုးရှိစေမည့် အကြံပြုချက်များ ဖြစ်တာကြောင့် ကျွန်မအနေဖြင့် ထောက်ခံအပ်ပါတယ်။

သို့သော်လည်း လယ်သမားများအတွက် သီးနှံကာကွယ်ရေးနဲ့ပတ်သက်တဲ့ အကြံပြုချက်များပါ နောက် အစီရင်ခံစာများတွင် ထည့်သွင်းဖော်ပြစေချင်ပါတယ်ရှင်။ ဒီကိစ္စသည် တောင်သူများအတွက် အလွန်အရေးကြီးတဲ့ ကိစ္စဖြစ်ပါတယ်။ Power Point အသုံးပြုခွင့်ပြုပါရှင်။ ဒါကတော့ ကျွန်မတို့ ဧရာဝတီတိုင်းမှာ ရွှေခရုတွေ လယ်ကွင်းထဲမှာ ကျရောက်နေတဲ့ပုံ ဖြစ်ပါတယ်။ ဒီရွှေခရုတွေဟာ ကျွန်မတို့ ဧရာဝတီတိုင်းမှာ စိမ်းစိမ်းစိုစိုဖြစ်နေတဲ့ စပါးခင်းတွေကို ဖျက်ဆီးတဲ့အတွက်ကြောင့် နောက်ဆုံး ကျွန်မတို့ စပါးခင်းတွေ ပျက်စီးသွားပြီးတော့ ဒီလိုကွင်းပြင်ကြီးမှာ ကျွန်မတို့မျိုးပင်တွေ၊ စပါးပင်တွေဟာ ဒီလိုမျိုးပျက်စီးသွားရပါတယ်။ အခုဆိုလို့ရှိရင် ကျွန်မတို့ ဧရာဝတီတိုင်း တစ်တိုင်းလုံးမှာ ရွှေခရုများပျံ့နှံ့ကူးစက်နေပြီး ဖျာပုံခရိုင်မှာပဲ ဧကပေါင်း သောင်းနဲ့ချီပြီး ပျက်စီးနေတယ်လို့ ကျွန်မ လေ့လာသိရှိရပါတယ်ရှင်။

ဒီရွှေခရုတွေဟာ စပါးစိုက်ခင်းတွေကို ပင်ခြေမှစတင်ပြီး ကိုက်ဖြတ်စား သောက်တဲ့အတွက် အပင်များပြန်လည်ရှင်သန်ဖို့ အလွန်ခဲယဉ်းလှပါတယ်။ မိုးစပါး စိုက်ချိန်သာမက နွေရာသီရေသွင်း စိုက်ပျိုးချိန်မှာလည်း အန္တရာယ်ပေးနိုင်တဲ့ကိစ္စ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ အချိန်မီ မကာကွယ်နိုင်ရင် တခြားတိုင်းနဲ့ ပြည်နယ်များကိုပါ ကူးစက်ပြန့်ပွားနိုင်တဲ့အတွက် အမြန်ဆုံးစီစဉ် ဆောင်ရွက်စေချင်ပါတယ်ရှင်။ ဒီလိုရွှေခရုတွေ ကာကွယ်နှိမ်နင်းတဲ့ နည်းများစွာရှိသော်လည်း ကုန်ကျစရိတ် အသက်သာဆုံးနဲ့ အထိရောက်ဆုံးနည်းက လူထုစုပေါင်းအားဖြင့် ကောက်ယူဖျက်ဆီး ဖယ်ရှားနည်းဖြင့် ဆောင်ရွက်မှသာ အောင်မြင်မှာဖြစ်ပါတယ်။ တစ်ဦးကောင်း တစ်ယောက်ကောင်း ဆောင်ရွက်လို့ မရနိုင်ပါဘူးရှင်။

ဒါကြောင့်မို့လို့ သီးနှံကာကွယ်ရေးနည်းများကို တောင်သူများနားလည်နိုင်တဲ့ နည်းလမ်းများကို အသုံးပြုပြီး အသိပညာပေးဟောပြောပွဲများ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်စေချင်ပါတယ်ရှင်။ အခုအခါမှာ လယ်သမားများသည် မြေယာမှုခင်းများက တစ်မျိုး၊ အရင်းအနှီးက မပြည့်စုံ၊ နည်းပညာက အားနည်း၊ စပါးဈေးက မကောင်း၊ ဒီကြားထဲ ရွှေခရုတွေက နှိပ်စက်သဖြင့် ဒုက္ခမျိုးစုံနဲ့ ရင်ဆိုင်နေရပါတယ်။ ဒါကြောင့် လယ်သမားများ၏ဘဝကို ကူညီဆောင်ရွက်နိုင်ပါရန် တောင်သူလယ်သမားများရေးရာကော်မတီအား တိုက်တွန်းရင်း နိဂုံးချုပ်အပ်ပါတယ်ရှင်။ (ဩဘာသံများ)

ရွှေခရုကျရောက်နေသော လယ်ကွင်း၏ မြင်ကွင်းပုံ (၄၄)



ပျက်စီးသွားသည့် စပါးစိုက်ခင်း၏ မြင်ကွင်းပုံ (၄၄-၁)



ပျက်စီးသွားသည့် စပါးစိုက်ခင်း၏ မြင်ကွင်းပုံ (၄၄-၂)



**အမျိုးသားလွှတ်တော် တောင်သူလယ်သမားရေးရာ ကော်မတီ၏ အစီရင်ခံစာကို သဘောတူ လက်ခံရန် အဆိုတင်သွင်းခြင်းနှင့် အမျိုးသားလွှတ်တော်၏ အတည်ပြုချက်ရယူခြင်း**

**အချိန်၊ ၁၂း၃၂။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၂)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော် တောင်သူလယ်သမားရေးရာကော်မတီ၏လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို အမျိုးသားလွှတ်တော်က သဘောတူလက်ခံရန် အဆိုတင်သွင်းခြင်းနှင့် အတည်ပြုချက် ရယူခြင်းတို့ကို ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု တောင်သူလယ်သမားရေးရာကော်မတီက အဆိုတင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၂း၃၂။**

**ဦးစိုးဝင်း (အတွင်းရေးမှူး၊ တောင်သူလယ်သမားရေးရာကော်မတီ)။** ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ ဦးစွာပထမ နှုတ်ခွန်းဆက်ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုးဝင်း ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် တောင်သူလယ်သမားရေးရာကော်မတီရဲ့အတွင်းရေးမှူး ဖြစ်ပါတယ်။ ကျွန်တော်တို့ ဒီအဆိုကို ကျွန်တော်တို့ မတင်သွင်းမီမှာ ကျွန်တော်တို့ ကော်မတီရဲ့အစီရင်ခံစာနဲ့ ပတ်သက်ပြီးတော့ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်မေသန်းနွဲ့ ရဲ့ ဆွေးနွေးတင်ပြတာနဲ့ ပတ်သက်ပြီးတော့ ဦးစွာပထမအနေနဲ့ ကျေးဇူးတင်ပါတယ်လို့ ကျွန်တော် ပြောကြားလိုပါတယ်။ အဲဒီတော့ ဆရာမရဲ့ ဒီအကြံပြုချက်တွေနဲ့ပတ်သက်လို့ ကျွန်တော်တို့ ဒီသိမ်းဆည်းမြေတွေနဲ့ ပတ်သက်လို့ ကွင်းဆင်းဆောင်ရွက်သင့်တယ်ဆိုပြီးတော့ အကြံပြုတာကိုလည်း ကျွန်တော်တို့ မှတ်တမ်းတင်ထားပါတယ်။

ကျွန်တော်တို့လည်းပဲ ဒါနဲ့ပတ်သက်လို့ အခုကွင်းဆင်းဖို့ စီစဉ်ဆောင်ရွက်နေတဲ့ အစီအစဉ်တွေရှိပါတယ်လို့ ဆရာမကို အကြောင်းပြန်ကြားလိုပါတယ်။ တကယ်လိုအပ်ရင် လိုအပ်သလို ကွင်းဆင်းဖို့အတွက် ကျွန်တော်တို့အစီအစဉ်တွေ ရှိပါတယ်လို့ အကြောင်းပြန်ကြားလိုပါတယ်။ နောက်တစ်ချက်က ဒီစံပြစိုက်ကွင်းတွေနဲ့ပတ်သက်လို့ နောက်ဧက (၁၀၀)စံပြစိုက်ကွင်းတွေဟာ ဧက (၅၀)လောက်ပဲ အောင်မြင်ဖြစ်ထွန်းတာနဲ့ ပတ်သက်လို့၊ ဒါနဲ့ပတ်သက်လို့ကတော့ ပြောရလို့ရှိရင် ဒါကျွန်တော်တို့ စိုက်၊ မွေး၊ ဆည်ဝန်ကြီးဌာနကို ဒါတွေနဲ့ပတ်သက်လို့ တင်ပြပါ့မယ်လို့။ နောက်ပြီးတော့ သီးနှံကာကွယ်ရေး အကြံပြုချက်နဲ့ ပတ်သက်ပြီးတော့ ကျွန်တော်တို့ နောက်ပိုင်းတွင် ဒီအကြံပြုတင်ပြတဲ့အခါမှာ အစီရင်ခံစာတင်ပြတဲ့အခါမှာ ဒီသီးနှံပိုးမွှားကာကွယ်ရေးနဲ့ ပတ်သက်ပြီးတော့ အကြံပြုဖို့ ဆရာမတင်ပြတာကို ကျွန်တော်တို့ အလေးအနက် မှတ်တမ်းတင်ပါတယ်။ ကျွန်တော်တို့ ဖျာပုံခရိုင်မှာဆိုရင် ဧကပေါင်း သောင်းနဲ့ချီပြီးတော့ပျက်စီးနေတယ်ဆိုတာ ဆရာမတင်ပြတဲ့အတွက် ကျွန်တော်တို့သိရပါတယ်။ ဒါနဲ့ပတ်သတ်ပြီးတော့လည်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနကို ကျွန်တော်တို့ အမြန်ဆုံး အကြောင်းကြားပေးပါ့မယ်။ ဆရာမရဲ့ ဆွေးနွေး

ချက်တွေကို ကျွန်တော် အကျဉ်းချုံးပြီးတော့ ကျွန်တော် ဆွေးနွေးအပ်ပါတယ်။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၅-၇-၂၀၁၇ ရက်နေ့က တင်ခဲ့တဲ့ အမျိုးသားလွှတ်တော် တောင်သူလယ်သမား ရေးရာကော်မတီရဲ့ အစီရင်ခံစာကို လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် အမျိုးသားလွှတ်တော်မှ အတည်ပြု ပေးပါရန် လေးစားစွာ တင်သွင်းအပ်ပါတယ် ခင်ဗျား။(ဩဘာသံများ)

**အချိန်၊ ၁၂း၃၅။**

**ဥက္ကဋ္ဌ**။ ။ အဆိုကို အတည်ပြုရန် လွှတ်တော်၏ သဘောထားရယူပါမယ်။ အမျိုးသား လွှတ်တော် တောင်သူလယ်သမားရေးရာကော်မတီ၏ အစီရင်ခံစာကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အမျိုးသားလွှတ်တော် တောင်သူလယ်သမားရေးရာ ကော်မတီရဲ့ အစီရင်ခံစာကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။(ဩဘာသံများ)

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၃၄)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် (၃၅)ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၂း၃၅။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၁၃)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခု ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၃၄) ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၃၅) ရက်မြောက်နေ့ ကို ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက် (တနင်္လာနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက် ကျင်းပမည် ဖြစ်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံး ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၃၄)ရက်မြောက်နေ့ကို ၁၂း၃၅ နာရီအချိန်တွင် ရပ်နားပါသည်။]